# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၃)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀-၄-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို မီဒီယာကဏ္ဍမှတစ်ဆင့် ပြည်သူများသိရှိအောင် ကြိုးပမ်းဆောင်ရွက် ဝန်ထမ်းများအနေဖြင့် နိုင်ငံရေး အခင်းအကျင်းအသစ်နှင့်အတူ စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် နိုင်ငံတာဝန်များကို ကျေပွန်စွာထမ်းဆောင်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဧပြီ ၁၉

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ဦးစွာ"နိုင်ငံရေး အခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ်" Video Clip ဖွင့်လှစ်ပြသမှုအား အတူတကွ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံကို တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်ဖြစ်ပါကြောင်း၊ မြန်မာ့နိုင်ငံရေး အခင်းအကျင်းအသစ်နှင့်အတူ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ ၊ ဝိုင်းဝန်းလိုက်ပါမှုဖြင့် ကြိုးပမ်း တည်ဆောက်ကြရန် နှိုးဆော်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက် လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ပြောကြားကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီးမှာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့ရာမှ ယခုအခါ လှူဒါန်းရရှိငွေဖြင့် နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံ၊ ဓာတ်လှေကား တစ်စင်း အပါအဝင်ဖြင့် တည်ဆောက်ရေးကာလ (၂)နှစ် သတ်မှတ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ပန္နက်တင်ပြီး စတင်ဆောက်လုပ်နေခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်နှင့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ (၅)နှစ်တာကာလအတွင်း အခက်အခဲများ အကြားမှနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဝန်ထမ်းများ သိရှိနားလည်သဘောပေါက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လွှတ်တော်အတွင်းမှ ဆောင်ရွက်ချက်များကို မီဒီယာကဏ္ဍမှတစ်ဆင့် ပြည်သူများ သိရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးအခင်းအကျင်း အသစ်နှင့်အတူ စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် နိုင်ငံတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အရောင်အသွေးစုံလင်သည့် ပန်းဥယျာဉ်ကြီး တစ်ခုကဲ့သို့ တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းတာဝန်ထမ်းဆောင်နေသည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ နား၊ မျက်စိသဖွယ် အစိုးရ၏ ဆောင်ရွက်ချက်များ အပေါ် ပြည်သူများ သိရှိနားလည်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် မီဒီယာကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်း၍ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဝန်ထမ်းများအတွက် ငွေသားကံစမ်းမဲများ ဖောက်၍ မဲပေါက်သည့် ဝန်ထမ်းများအား လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ်စရာအညွှန်း**

အဓိပ္ပာယ်ချင်းမတူညီတဲ့ ချမ်းသာသုခအကြောင်း (ဆောင်းပါး) — စာမျက်နှာ ၆

အီရန်နိုင်ငံရှိ မာ့စ်ဟတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခွင့်ပြု — စာမျက်နှာ ၈

2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Jannik Sinner ဆွတ်ခူး — စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနင်္လာနေ့။

# ကွန်ပျူတာ၊ မိုဘိုင်းဖုန်း အလွန်အကျွံအသုံးပြုခြင်းသည် ကျန်းမာရေးကို ထိခိုက်စေမည်

ယနေ့ခေတ်သည် ခေတ်မီနည်းပညာများကို ရှာဖွေနေသော ခေတ်ဖြစ်သည်။ ပညာရပ်များကို စာသင်ကျောင်းများတွင်သာမက စာသင်ကျောင်းပြင်ပတွင်လည်း ရှာဖွေဆည်းပူးနေကြသည်။ ယနေ့ လူငယ်များ မတတ်မဖြစ် တတ်ရမည့် ပညာရပ်တစ်ခုမှာ ကွန်ပျူတာ ပညာရပ်ဖြစ်သည်။ ကွန်ပျူတာပညာရပ်သည် ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်အသီးသီးတွင် နေရာယူလျက်ရှိသည်။

ကွန်ပျူတာပညာရပ်သည် အသက်အရွယ်မရွေး သိသင့် သိထိုက်သော ပညာရပ်ဖြစ်သော်လည်း အလွန်အကျွံမသုံးသင့်ပါ။ အချိန်အတိုင်းအတာတစ်ခုအထိသာ သုံးစွဲသင့်သည်။ ကွန်ပျူတာကို အလွန်အကျွံ အသုံးပြုခြင်း၊ မိုဘိုင်းဖုန်း အင်တာနက်ဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုခြင်းတို့ကြောင့် ကျန်းမာရေးချို့ယွင်းမည်ဖြစ်ပြီး ကျောင်းသားများအတွက် ပညာရေးခရီးတွင် နှောင့်နှေးမှုများ ကြုံတွေ့နိုင်မည်ဖြစ်သည်။ ထို့ပြင် ဂိမ်းအမျိုးမျိုးဆော့ကစားခြင်းကလည်း ကြာရှည်စွာ ကစားပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

ကျောင်းသားလူငယ်များအနေဖြင့် ဂိမ်းဆော့မည့်အစား မိမိနှစ်သက်သည့် အားကစားတစ်မျိုးမျိုးကို ကစားသင့်သည်။ ကျန်းမာရေးနှင့်လည်း ညီညွတ်မည်ဖြစ်သည်။ ဗဟုသုတများကို ပေးစွမ်းနိုင်သည့် စာပေများကို ဖတ်ရှုလေ့လာမည်ဆိုပါက အသိဉာဏ်ပညာ တိုးစေမည်ဖြစ်သည်။

မြန်မာတို့၏ ဆိုရိုးစကားတစ်ခု ရှိသည်။ "တန်ဆေး လွန်ဘေး" ဟူသော စကားဖြစ်သည်။ ဆေးသည် အတော်အတန် သင့်ရုံ သောက်လျှင် ဆေးအဖြစ် အကျိုးရှိမည်ဖြစ်သည်။ အလွန်အကျွံ သောက်လျှင် ဘေးအန္တရာယ်ဖြစ်ကာ အကျိုးမဲ့စေမည်ဖြစ်သည်။ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းအင်တာနက်ချိတ်ဆက်ကာ အချို့သော ကျောင်းသားများသည် ပညာရှာဖွေခြင်းအလုပ်ထက် ရုပ်ရှင်ကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးမိတ်ဖွဲ့ စကားပြောခြင်းတို့ကို လုပ်ဆောင်လာကြသည်။ စာကြိုးစားရမည့်အချိန်တွင် ဂိမ်းဆော့ခြင်း၊ သီချင်းနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ဖြင့် အချိန်ဖြုန်းတီးလာကြသည်။

ထို့ပြင် ကျောင်းသားလူငယ်များအဖို့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားလေ့ကျင့်ရာတွင်လည်း ကွန်ပျူတာဖြင့် အသုံးပြုလာသဖြင့် ယခင်စိတ်ဖြင့် တွက်ချက်သော အလေ့အကျင့်များ ပျောက်ဆုံးလာသည်ကို သတိမူမိသည်။ မှတ်ဉာဏ်များကျဆင်းကာ စဉ်းစားတွေးခေါ်သည့်အလေ့အကျင့်များ ပျောက်ဆုံးလာသည်။ မိမိကိုယ်တိုင်လည်း ယုံကြည်မှုအားနည်းလာသည်။

ကွန်ပျူတာပညာရပ်များကို တီထွင်ခဲ့သူ ဘီဂိတ်သည် သူ၏ သားသမီးများအား ကွန်ပျူတာသုံးစွဲချိန်ကို ကန့်သတ်ထားပေးသည်။ သူ၏ သားသမီးများကို တစ်နေ့လျှင် ၄၅ မိနစ်ခန့်သာ အသုံးပြုဟု သတ်မှတ်ပေးထားသည်။ ကွန်ပျူတာလည်း သုံးစွဲ ကျောင်းစာကိုလည်း ကြိုးစားသင်ယူရန် သတ်မှတ်ထားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသားတိုင်း ကျောင်းစာကို ထူးချွန်ထက်မြက်အောင် ကြိုးစားသင်ယူရမည်ဖြစ်သည်။

ကျန်းမာရေးကို ထိခိုက်စေသည့် အင်တာနက်၊ ကွန်ပျူတာ မိုဘိုင်းဖုန်း အလွန်အကျွံအသုံးပြုခြင်းကို ရှောင်ကျဉ်ကာ အချိန်ကို အကျိုးရှိရှိ အသုံးပြုသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်တွင်းထုတ် ဒီဇယ်ဆီများ ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေး



**ပွင့်ဖြူ ဧပြီ ၁၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တို့နှင့်ပူးပေါင်း၍ ပြည်တွင်းထုတ် ဒီဇယ်ဆီများကို ပွင့်ဖြူမြို့နယ် အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နွေစပါးနှင့် ဆီထွက် သီးနှံများ စိုက်ပျိုးရေးအတွက် မြေယာပြုပြင်ရန် ကျန်ရှိသော စိုက်ပျိုးမြေဧက ၂၀၅၆၉ ဧက အတွက် တစ်ဧကလျှင် စက်သုံးဆီ တစ်ဂါလန်နှုန်းဖြင့် ပြည်တွင်း ထုတ်ဒီဇယ်ဆီ ၂၀၅၆၉ ဂါလန် ကို ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာ အုပ်စု၊ ကုန်းဖောင်းကျေးရွာအုပ်စု၊ အနောက်ကိုင်းကျေးရွာအုပ်စု၊ ပေတောကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စု၊ စုစုပေါင်း စုရပ်ငါးနေရာတို့တွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍသုံး စက်ပစ္စည်းများတွင် အသုံးပြုရန်အတွက် တောင်သူများ လက်ဝယ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနမှ တောင်သူများအား စက်သုံးဆီအခက်အခဲလျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံများ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့်ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီများ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်း လက်ငင်းငွေချေစနစ်ဖြင့် လယ်ယာလုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

၀-၀-၀-၀-၀

## မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မိုင်းယောင်း ဧပြီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဝမ်ကောင်းကျေးရွာ၌ ယနေ့ နံနက်ပိုင်းက အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး၊ လူငယ်ရေးရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံနေကြာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းပန်းတိုင်ပြည့်မီရေး၊ အုတ်ကြွပ်များ အဆင့်မီထုတ်လုပ်နိုင်ရေး၊ ရော်ဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေး၊ ထပ်လုံးစေတီတော်အတွက် လှူဒါန်းမှုအစုစုအား ရေစက်ချအလှူမင်္ဂလာကျင်းပနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ နမ့်ယောင်းချောင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး တို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(စိုင်းအောင်ဇော်လင်း)**

၀-၀-၀-၀-၀

## ကျောက်ဆည်မြို့နယ် အရှေ့သပြေကုန်းကျေးရွာ၌ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နွေနှမ်း ၄၄၂၀၆ ဧက လျာထားစိုက်ပျိုးထားရှိရာ အရှေ့သပြေကုန်းကျေးရွာ၌ စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တောင်သူများအနေဖြင့် နွေနှမ်းသီးနှံများ စိုက်ပျိုးရာ၌ အောင်မြင်ဖြစ်ထွန်းရေးအတွက် ထယ်ရေးကောင်းမွန်စွာ ပြုပြင်၍ တန်းဆွဲစနစ်ဖြင့် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ တန်းဆွဲစနစ်ဖြင့် စိုက်ပျိုးခြင်းသည် အပင်သားခွဲရာတွင် လည်းကောင်း၊ ပေါင်းမြက်များ ရှင်းလင်းရာတွင် လည်းကောင်း လွယ်ကူပြီး ရေလိုအပ်သည့်အခါတွင်လည်း လိုအပ်သလို ထိန်းညှိသွင်းနိုင်သောကြောင့် အပင်ဖြစ်ထွန်းမှုကောင်းပြီး အထွက်နှုန်းသေချာမှုရှိကြောင်း တောင်သူ ဦးမြင့်အောင်က ပြောပြသည်။



ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄) နှမ်းအဖြူမျိုးကို အဓိကထားစိုက်ပျိုးကြကြောင်းနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးကာ နည်းပညာများ စနစ်တကျကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သက်မောင်(ကျောက်ဆည်)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်တို့အား ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။



### ဩဝါဒခံယူ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ရှိ နှစ်ပေါင်း(၁၁၁) နှစ်သက်တမ်းရှိသော မဟာသိမ်တော်ကြီးသို့ရောက်ရှိပြီး အဆိုပါ မဟာသိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ မဟာသိမ်တော်ကြီး ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမဏ္ဍပ်သဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး သုံးလနှင့် လေးရက်အကြာ(ဘီစီ ၅၄၃) မှစ၍ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ပါဋလိပုတ်ပြည်နှင့် သီရိလင်္ကာနိုင်ငံတို့တွင် စတုတ္ထအကြိမ်အထိ သင်္ဂါယနာတင်တော်မူခဲ့ကြပြီး ပိဋကတ်တော်များကို ပိုမိုထိန်းသိမ်း စောင့်ရှောက်နိုင်စေရန်အတွက် မြန်မာနိုင်ငံ မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာကိုလည်းကောင်း၊ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာကိုလည်းကောင်း တင်တော်မူခဲ့ကြရာ ယခုလာမည့် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်မှာ နှစ်(၇၀)ပြည့်မြောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်ချက်များမှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် ထည့်သွင်းကျင်းပမည့် ကျောက်စာတိုင်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး အထိမ်းအမှတ်ကျောက်စာတိုင်အား သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေးအတွက် အသေးစိတ်မှာကြားသည်။

ယင်းနောက် အထိမ်းအမှတ်ပြခန်း တည်ဆောက်ရေးလုပ်ငန်းခွင်ဖြစ်သော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အတွင်းပတ်လမ်းသို့ရောက်ရှိပြီး ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ အဆင့်ဆင့်သင်္ဂါယနာတင်ခဲ့သည့် ပြခန်းများ၊ ပြကွက်များနှင့် မျက်မှောက်ကာလတွင် သာသနာတော်တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက် ပြကွက်များအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသောလမ်း၊ တံတားများ ပြုပြင်ပြီးစီးမှုနှင့် ဆွာချောင်းတံတားအသစ် ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)တွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတားအသစ်တည်ဆောက်နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးအဖွဲ့တာဝန်ခံက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားနေရာတွင် တံတားအသစ် အစားထိုးတည်ဆောက်ရာတွင် ငလျင်ပြင်းအား ၈ အထိခံနိုင်သော ဒီဇိုင်းရေးဆွဲ ဆောင်ရွက်ထားသည့်အခြေအနေ၊ မြေငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းရရှိရေးအတွက် မြေစမ်းသပ်ခြင်းလုပ်ငန်းများအပြင် ကျွမ်းကျင်ပညာရှင်များဖြင့် ဘူမိရူပဗေဒ တိုင်းတာခြင်း (Geophysical Survey) ရလဒ်များအရ (Soil Improvement) မြေသားခံနိုင်ဝန်မြင့်တက်စေရေး ဆောင်ရွက်ခဲ့မှု၊ တည်ဆောက်ရေးလုပ်ငန်းစဉ်များအရ Pile Cap , Pier Shaft နှင့် Top Beam များ ပြုလုပ်ခြင်း၊ Steel Plate Girder များ တပ်ဆင်ခြင်းနှင့် ကြမ်းခင်းကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုဆွာချောင်းတံတားနေရာသည် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံ၍ ပြင်းထန်သော ရေတိုက်စားမှုခံရခြင်း၊ မန္တလေးငလျင်လှုပ်ခဲ့စဉ်တွင်လည်း ငလျင်ဒဏ်အား ပြင်းထန်စွာခံရသည့် အပိုင်းတွင် ပါဝင်ခဲ့ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် မကြာခဏခံရလေ့ရှိသည့် နေရာဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်သည်အထိ စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးတာဝန် ယူထားသူများအနေဖြင့် တံတားအသစ်ပြန်လည်တည်ဆောက်ရာတွင် ဒီဇိုင်းပါပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အသွားလမ်းဘက်ရှိ ယာယီဘေလီတံတားကြံ့ခိုင်မှုကို အမြဲမပြတ်စစ်ဆေးရန်လိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားလုပ်ငန်းခွင်သို့သွားရောက်၍ P-1 မှ P-9 အထိ Steel Plate Girder များ တပ်ဆင်ပြီးစီး၍ တံတားကြမ်းခင်းကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Bearing များကို ငလျင်ဒဏ်ခံ Elastomeric Bearings များ တပ်ဆင်ဆောင်ရွက်ထားသည့်အခြေအနေ၊ အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ ရေတိုက်စားမှုကာကွယ်ရန် ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် ရေတားအကာအကွယ်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများကို ပြုပြင်ပြီးစီး၍ မိုင်တိုင်အမှတ်(၁၉၀/၁)ရှိ မှောက်ခုံချောင်းတံတားသည်လည်း ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သည်။

ယခုမိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတား(အပြန်လမ်း)ကို အသစ်အစားထိုးပြန်လည်တည်ဆောက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန်လတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆွာချောင်းတံတား(အပြန်လမ်း) အသစ်တည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် (အသွားလမ်း)နေရာတွင် ယာယီဘေလီတံတားထပ်ပိုးအသုံးပြုနေခြင်းကိုလည်း အစားထိုး၍ တံတားအသစ် ပြန်လည်တည်ဆောက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ

နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပေါင်းစပ်၍ နွေစပါးစိုက်ပျိုးသည့် တောင်သူများ သွင်းအားစု ဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာ အသုံးပြုနိုင်စေရန်နှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

## တိုက်ရိုက်ဖြန့်ဖြူးရောင်းချ

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသော နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာများသို့ ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၅၀၀ နှုန်း လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေး မြို့နယ် ခရမ်းကိုင်းကျေးရွာ စိုက်ပျိုးရေးနည်းပညာပေးစင်တာ၌ ကျင်းပရာ ဓာတ်မြေဩဇာဝယ်ယူနေကြသည့် နွေစပါးစိုက် တောင်သူများအား ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်တို့က တွေ့ဆုံအားပေးစကားပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူများအနေဖြင့် သွင်းအားစု ဓာတ်မြေဩဇာများသုံးစွဲရာတွင် အလေအလွင့်မဖြစ်ပေါ်စေရေးနှင့် သီးနှံသက်တမ်းအလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များအတိုင်း သွင်းအားစုများအား မှန်မှန်ကန်ကန် အသုံးပြုပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံရေးသာမက ပြည်ပသို့ ဆန်တင်ပို့မှု မြှင့်တင်နိုင်ရေးကြိုးပမ်းကြရန်နှင့် ကမ္ဘာ့တစ်ဝန်း လက်ရှိဖြစ်ပေါ်နေသော သွင်းအားစုလိုအပ်ချက်အခက်အခဲများကြားမှ နိုင်ငံတော်က နွေစပါးစိုက် တောင်သူများအတွက်အထူးကြိုးပမ်းပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်၍ အလွဲသုံးစားမဖြစ်စေဘဲ အကျိုးရှိထိရောက်စွာ အသုံးပြုကြရန် တိုက်တွန်းအားပေးပြောကြားသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တောင်သူများအတွက် လိုအပ်သည့် သွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ဆက်လက်စီမံဆောင်ရွက်ပေးမည့် အခြေအနေနှင့် တောင်သူများ ဝင်ငွေတိုးပွားရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ၏ နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေ အချိန်ကိုက်ရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့သည် မြန်မာ့ဩဘာ ကောမက် G-46 ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၅၀၀ နှုန်းဖြင့် စိုက်ဧကအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ကျေးရွာ ခြောက်ရွာ၌ ဓာတ်မြေ ဩဇာများ ရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း လက်ရှိ စိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ဧကများမှ ထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့် ဧရိယာ၏ ဓာတ်မြေဩဇာလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကို ပထမအသုတ်အဖြစ် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ်ထားသော ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ကျန်ဧရိယာများအတွက်ကိုလည်း အသုံးပြုရမည့် ကာလအမီ နှစ်ကြိမ်ခွဲရောင်းချပေးခြင်းဖြင့် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ဇေယျာသီရိမြို့နယ်အတွင်း မိုးရာသီ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်လျက်ရှိသည့် မပိုက်ကယ်ရိုးတစ်လျှောက်နှင့် ကျွန်းရောင်း၊ အိုင်စောက်၊ ပေါင်းလောင်းရေနုတ်မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သက်နှင်းအင်းအုပ်စု၊ သစ်တပ်ကလေးကျေးရွာနှင့် သက်နှင်းအင်းကျေးရွာအနီးတွင် နရဘန်ချောင်း ချဲ့ထွင်တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် မူလချောင်း နယ်နိမိတ်တည်ရှိမှု၊ ချဲ့ထွင်တူးဖော်မည့် ချောင်းဧရိယာ အကျယ်တို့နှင့် ပတ်သက်၍ ဒေသနေတောင်သူများ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးအုပ်စု ချောင်းကမ်းကြီး ကျေးရွာအနီးရှိ ကျွန်းရောင်း - အိုင်စောက် - ပေါင်းလောင်း ရေနုတ်မြောင်းအား ချောင်းကမ်းကြီး ကျေးရွာအနီးမှ ပေါင်းလောင်းမြစ်အထိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများအား မိုးရာသီမတိုင်မီ အချိန်မီပြီးစီးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် အရှိန်အဟုန်မပြတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေနုတ်မြောင်းများပြီးစီးပါက ပင်လောင်း လမ်းဆုံအပါအဝင် ပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှုများ ကာကွယ်နိုင်မည်ဖြစ်၍ အချိန်မီပြီးစီးရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်လူနေအိမ်များ၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မပြုလုပ်ရေးကိုလည်းကောင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ပီရိုနာ | ၀ | ၁ | အေစီမီလန် |
| ပီဇာ | ၁ | ၂ | ဂျိနိုအာ |

| ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဖရိုင်းဘတ် | ၂ | ၁ | ဟိုင်ဒန်ဟိမ်း |
| ဘိုင်ယန်မြူးနစ် | ၄ | ၂ | စတုဂတ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အဲဗာတန် | ၁ | ၂ | လီဗာပူး |
| နော်တင်ဟမ် | ၄ | ၁ | ဘန်လေ |
| မန်စီးတီး | ၂ | ၁ | အာဆင်နယ် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| နန့်တက်စ် | ၁ | ၁ | ဘရက်စ် |
| စထရာဘော့စ် | ၀ | ၃ | ရင်းနက်စ် |

☆ စာမျက်နှာ ၂၄ မှ

ကို စနစ်တကျ လုပ်ဆောင်ထားသကဲ့သို့ တရုတ်နိုင်ငံ၏ ရာသီဥတု၊ အစားအသောက်ပုံစံနှင့် လိုက်လျောညီထွေဖြစ်စေမည့် အာဟာရပိုင်းဆိုင်ရာ အစားအသောက်များကိုပါ အထူးဂရုပြုပြောင်းလဲပြင်ဆင်ထားပါသည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် အာရှအဆင့်ပြိုင်ပွဲ အုပ်စု(က)တွင် အိမ်ရှင်တရုတ်၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေလျက်ရှိပြီး လာမည့် မေ ၁ ရက်တွင် တရုတ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

# လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ညောင်ဦးမြို့နယ်တွင် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ဈေးကောင်းရကာ အဆင်ပြေ တွက်ခြေကိုက်လျက်ရှိ

**ညောင်ဦး ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စု ကျေးရွာများမှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ဖီးကြမ်းငှက်ပျောထွက်သလောက် ရောင်းချနေရခြင်းကြောင့် ငှက်ပျောခြံစိုက်တောင်သူများပြုံးလာကြောင်း လက်ပံခြေပေါ်ကျေးရွာ ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးထံက သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ အနွဲ့ကျောင်းအုပ်စု၊ ကျေးရွာများသည် ဖီးကြမ်းငှက်ပျောစိုက်ပျိုးခြင်းအား မြေအောက်ရေအသုံးပြု၍လည်းကောင်း၊ ငါ့သရောက်မြစ်ရေတင်ဖြင့်လည်းကောင်း၊ လက်ပံခြေပေါ်မြစ်ရေတင်ရေဖြင့်လည်းကောင်း စိုက်ပျိုးကြကာ ငှက်ပျောခုတ်ချိန်(ပေါ်ချိန်) ဈေးနှုန်း ကောင်းကောင်းဖြင့် ရောင်းချနေရခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း သိရသည်။

လက်ပံခြေပေါ် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းအား ဝါဆို၊ ဝါခေါင်လတို့တွင် အများဆုံးစတင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ဆယ်လ၊ ဆယ့်တစ်လတွင် ငှက်ပျောစတင်ပေါ်ကာ ခုတ်သိမ်းရောင်းချကြကြောင်း၊ ငှက်ပျောတစ်ခိုင်လုံးဈေးသည်လည်း ငှက်ပျောဖီးအရေအတွက်အပေါ် မူတည်ကာ ဈေးသတ်မှတ်ရောင်းချကြောင်းသိရပြီး ငှက်ပျောတစ်ဖီး ၂၀၀၀ ကျပ်ဖြင့် ရောင်းကြပြီး၊ ငှက်ပျောခိုင်တစ်ခိုင် ရှစ်ဖီးပါပါက ၁၆၀၀၀ ကျပ် သတ်မှတ်ရောင်းချကာ ၁၀ ဖီးခိုင်တစ်ခိုင် ၂၀၀၀၀ ကျပ် သတ်မှတ်ရောင်းချပြီး ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောမှန်သမျှ ဈေးနှုန်းကောင်းဖြင့် ရောင်းချနေရခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေနေကြသည်။ ငှက်ပျောသီးနှံစိုက်ပျိုးခြင်းသည် အလုပ်များနေ၍ ပြစ်ထားလျှင်ပင် မသေဘဲ၊ ဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးသင့်သည့် သီးနှံအမျိုးအစားဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူများက ပြောကြသည်။

ဖီးကြမ်းငှက်ပျောသီးနှံ တစ်ကေလျှင် တစ်နှစ်အတွင်း သိန်းနှစ်ရာကျော် ဝင်ငွေရှိပြီး လေးနှစ်အထိ တစ်ပင်ပြီးတစ်ပင် သားတက်ယူကာ ငှက်ပျောခြံအား ပြုပြင်စိုက်ပျိုးကြသည်။ ငှက်ပျောခြံအထိ ငှက်ပျောပွဲစားများ လာရောက်ဝယ်ယူခြင်းနှင့် ကားလမ်းမကြီးဘေး ချရောင်းခြင်း၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မြင်းခြံ၊ ပခုက္ကူမြို့ ငှက်ပျောပွဲစားများ လာရောက်ဝယ်ယူကြကြောင်း ပခုက္ကူမြို့ဘက်က လက်ပံခြေပေါ်ငှက် ပျောစိုက်တောင်သူများအတွက် အဓိကဈေးကွက်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)



# မိုး သတိပြု။

✧ စာမျက်နှာ ၂၄ မှ

အဆိုပါ Program တွင် Ground School သင်တန်းများ၊ လက်တွေ့ Flight Training များနှင့် Simulator Training များကို ပေါင်းစပ် သင်ကြားပေးမည်ဖြစ်ပြီး လေယာဉ်မှူးတစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

ယင်း Cadet Pilot Program တွင် နည်းစနစ်ကျသော လေယာဉ်မှူး လေ့ကျင့်ရေး အစီအစဉ်၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း၊ လေယာဉ်မှူးတစ်ယောက်အဖြစ်သို့ တက်လှမ်းနိုင်မည့် အခွင့်အရေးတို့ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် Program ကာလအတွင်း စွမ်းဆောင်ရည်ကောင်းမွန်သော သင်တန်းသားများအား MAI ၏သတ်မှတ်ထားသော အလုပ်ခန့်အပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လေယာဉ်မှူးအဖြစ် ခန့်အပ်ရာတွင် ဦးစားပေးစဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

# တာချီလိတ်မြို့၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ ဆိုင်းဘုတ်များနှင့် အုတ်တံတိုင်းများ ပြိုကျပျက်စီး

**တာချီလိတ် ဧပြီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ဧပြီ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ ဆိုင်းဘုတ်များနှင့် အုတ်တံတိုင်းများ ပြိုကျပျက်စီးကာ လျှပ်စစ်ဓာတ်အားလိုင်းများ ယာယီပြတ်တောက်ခဲ့သည်။

လေပြင်းတိုက်ခိုက်မှုကြောင့် ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ပုန်းညက်လမ်းနှင့် ရှမ်းရိုးမကွင်းရှေ့၊ ဝမ်ကောင်းရပ်ကွက်၊ ကချင်ရွာ၊ ရန်အောင်မြေရပ်ကွက်၊ ပါလျံမီးပွိုင့်လမ်းဆုံနှင့် ပါလျံ (၁)လမ်းမကြီး၊ ပါဆတ်ရပ်ကွက်၊ အ·ထ·က(ဟောင်လိတ်)ကျောင်းဝင်း၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့ပြင်၊ မယ်ခေါင်ရပ်ကွက်၊ ဆည်မြောင်းရုံးဝင်းအတွင်း၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဝေလေလန်ရွာတို့တွင် စာသင်ကျောင်း၊ လူနေအိမ်အချို့တွင် ခြံစည်းရိုး၊ အုတ်တံတိုင်း၊ ဆိုင်းဘုတ်အချို့ ပြိုကျပျက်စီးခြင်း၊ ဓာတ်ကြိုးများပေါ် သစ်ပင်၊ သစ်ကိုင်းများလဲကျကာ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးများ ယာယီပြတ်တောက်၍ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခိုက်ပြီး သစ်ပင်လဲကျ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်သည့် နေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးငြိမ်းထက်အောင်တို့ဦးစီး၍ အုပ်ချုပ်မှုယာဉ်တစ်စီး ကယ်ဆယ်ရေးယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မီးလင်းရေးဦးဆောင်ကော်မတီမှ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

# အစိပ္ပာယ်ချင်းမတူညီတဲ့ ချမ်းသာသုခအကြောင်း

ဆရာတော်တစ်ပါးဟာ ခမ်းနားလှတဲ့ နှစ်ထပ်တိုက်ကြီးရဲ့ရှေ့မှာ သပိတ်ကိုပိုက်ကာ ရပ်နေလိုက်ပါတယ်။ အိမ်ရှင်အမျိုးသမီးက သူ့အနီးရှိ ကလေးမလေးတစ်ဦးကို စားပွဲပေါ်မှ ကိတ်မုန့်တစ်ထုပ်ယူပြီး လောင်းခိုင်းလိုက်တဲ့အတွက် ကိတ်မုန့်ထုပ်ကို သပိတ်ဖုံးပေါ်ကို တရိုတသေတင်ပြီး လောင်းမယ်အလုပ်မှာ ဆရာတော်က လက်ကာပြလိုက်ပါတယ်။ အဲ့ဒီမိန်းကလေးက ဆရာတော်ဟာ ဆွမ်းကို အလိုမရှိဘူးလို့ ပြောကြောင်း၊ မိုင် ၃၀ လောက်ဝေးတဲ့ တောရကျောင်းကို ကားကြုံစီးသွားရမှာဖြစ်ကြောင်း ပြောတဲ့အတွက် သပိတ်အဖုံးပေါ်ကို ငွေစက္ကူအချို့ လာတင်လောင်းလှူလိုက်ပြန်တော့လည်း လက်ကာပြလိုက်ပြန်ပါတယ်။

ထိုအခါ အိမ်ရှင်ယောက်ျားဖြစ်ဟန်တူတဲ့ အမျိုးသားတစ်ဦးက ထလာပြီး ဆရာတော်ရှေ့မှာ လာရပ်လိုက်ပါတယ်။ အသားဖြူဖြူ၊ မျက်ခုံးမျက်လုံးကောင်းကောင်း၊ ရည်မွန်ဟန်အသွင်ရှိတဲ့ အမျိုးသားကြီးတစ်ဦးပါ။ ဝတ္ထုငွေကို အလိုမရှိလျှင် ဘာကိုအလိုရှိကြောင်း မိန့်တော်မူပါရန် လျှောက်ထားလိုက်တော့ ဆရာတော်က ရွှေ၊ ငွေဆိုတာ ရဟန်းတော်တို့နဲ့ မအပ်စပ်ဘူးလို့ ဗုဒ္ဓက မှာခဲ့ဖူးကြောင်း၊ ဒါကြောင့် ဆရာတော်သွားမယ့် ခရီးစဉ်အတွက် ကားလက်မှတ်တစ်စောင်လောက်ကိုသာ လှူဒါန်းစေလိုပါကြောင်း အမိန့်ရှိတဲ့အတွက် အိမ်ရှိ လူရွယ်တစ်ဦးကို ဆရာတော်သွားမယ့်ခရီးစဉ်အတွက် ကားလက်မှတ်တစ်စောင်ကို ဝယ်ခိုင်းလိုက်ပါတယ်။ ဆရာတော်ကိုလည်း အိမ်ရှိ သင့်တော်တဲ့နေရာမှာ သီတင်းသုံးစောင့်ဆိုင်းဖို့ လျှောက်ထားရင်း ဦးသုံးကြိမ် ရှိသေစွာ ချလိုက်ပါတော့တယ်။

ဆရာတော်ထိုင်ပြီး သီတင်းသုံးနေထိုင်ရာကို ကားလက်မှတ်ဝယ်လာတဲ့ လူရွယ်လေးက ဆက်ကပ်လိုက်ပါတယ်။ ဆရာတော်လည်း သပ်သပ်ရပ်ရပ် ဝတ်ရုံထားတဲ့သင်္ကန်းကို အနည်းငယ်ပြုပြင်လိုက်ပြီး ကားလက်မှတ်ကို သပိတ်တွင်းကိုထည့်၍ သပိတ်ဖုံးကိုအုပ်ကာ ကားဂိတ်ရှိရာသို့ ထွက်သွားလိုက်ပါတော့တယ်။

ဆရာတော်ရဲ့ လူသူမနီးတဲ့ တောရကျောင်းလေးဟာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပါတယ်။ ဆူညံတဲ့ ပတ်ဝန်းကျင်က အသံဗလံတို့ဆိုတာ သမာဓိကို ပျက်ပြားစေတဲ့ အနှောင့်အယှက်တွေသာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်ပဲ သူတော်ကောင်းပုဂ္ဂိုလ်တွေဟာ တောရဆောက်တည်ကြခြင်းပါပဲ။ ဆရာတော်ဟာ မနီးမဝေးမှာရှိတဲ့ တောကျေးလက်ရွာများကို ဆွမ်းခံစားပါတယ်။ ဆွမ်းဘုဉ်းပေးရာမှာလည်း တစ်ထပ်ဆွမ်းကိုသာ 'ပတ္တပိဏ်ဆွမ်း'အဖြစ် အလှူခံခြင်းပါ။

**(မှတ်ချက် ။ ။ 'ပတ္တပိဏ်ဆွမ်း' ဆိုတာ၊ ဆွမ်းရော၊ ဆွမ်းဟင်းပါ သပိတ်အတွင်း စုပေါင်းလောင်းလှူတာဖြစ်ပြီး သပိတ်နဲ့ပဲရောနယ်စားသောက် ဘုဉ်းပေးခြင်းကို 'ပတ္တပိဏ်ဆွမ်း' ခေါ်ပါတယ်)။**

ဆရာတော်ဟာ စင်္ကြန်မြေကို ချလျက် အချိန်အတော်ကြာမျှ တရားနှလုံးသွင်းနေခိုက် စကားပြောသံ သဲ့သဲ့မျှ ကြားလိုက်ရလို့ မျက်စိကို ဖွင့်ကြည့်လိုက်တော့ တောရကျောင်းမှာ ရံဖန်ရံခါ အတူလာနေတတ်တဲ့ ကပ္ပိယကြီးနဲ့ ဧည့်သည်တစ်ဦး လာနေတာကို တွေ့လိုက်ရပါတယ်။ ကပ္ပိယကြီးနဲ့ ဧည့်သည်တို့နှစ်ဦး လာရောက်ဦးချတယ်။ ဧည့်သည်ဟာ ရေနံတူးသမားဖြစ်ပြီး ကုမ္ပဏီတစ်ခုက လုပ်ကွက်တစ်ခု စမ်းသပ်တူးခွင့်ပေးလို့ ဆရာတော်ရဲ့ တောရကျောင်းနဲ့ ကိုက် ၅၀၀ အကွာလောက်မှာ တဲထိုးနေဖို့ လာရောက်လျှောက်ထားခြင်းဖြစ်ကြောင်း ဆရာတော်ကလည်း ခွင့်မပြုမဟုတ်။ သို့သော်လည်း သူတော်သူမြတ်တို့နေတဲ့ အရပ်မှာ သမာဓိပျက်ပြားစေနိုင်တဲ့ ဆူညံမှုမပြုကြဖို့ မေတ္တာရပ်ခံလိုက်တယ်။ ဧည့်သည်ကလည်း ကတိပြုလိုက်ပြီး ကျောင်းသုံးဖို့၊ သူတို့အဖွဲ့သုံးဖို့ ကပ္ပိယကြီးနဲ့အတူ ရေသွားခပ်ကြပါတယ်။ ရေခပ်ရတဲ့နေရာက တောရကျောင်းနဲ့ အတော်အလှမ်းဝေးတဲ့အပြင် သူတို့ရေနံတူးသမားတွေအတွက်လည်း ရေအတွက် အတော်လေး အခက်အခဲဖြစ်မယ်ဆိုတာ သိရှိသွားပါတော့တယ်။

ဒါကြောင့် ဧည့်သည်ရေနံတူးသမားနဲ့ ကပ္ပိယကြီးတို့ တိုင်ပင်ပြီး ကျောင်းအတွက်ရော၊ သူတို့တဲအတွက်ပါ အဝီစိရေတွင်းစတူးကြပါတယ်။တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်။ ခုနစ်ရက်မြောက် မွန်းလွဲတစ်နာရီခန့်လောက်မှာ ရေနံတူးသမားဧည့်သည်နဲ့ သူ့တပည့်လေးဟာ ကပ္ပိယကြီးဆီ အပြေးလာပြီးတော့ လက်ကိုဆွဲကာ ခေါ်သွားကြပါတော့တယ်။ သူတို့သုံးဦး မလှမ်းမကမ်းကနေပြီး အဝီစိတွင်းကို ကြည့်လိုက်တဲ့အခါ အဝီစိတွင်းက ရေတွေထွက်မလာဘဲ ညိုညိုစိမ်းစိမ်းအရောင်တွေအထက်ကို ထောင်ပန်းထွက်နေတာ မြင်တွေ့ကြရပါတယ်။ ဒီအခါ ရေနံတူးသမားခေါင်းဆောင် ဧည့်သည်ကြီးက ဆီတွေဟေ့---ဆီတွေ---ဆီတွေ--- ထွက်ပေါက်ကို မပိတ်လိုက်ကြနဲ့နော်။ မိုးကာတွေနဲ့ ခံထားကြ၊ ဒီအတိုင်း ထွက်နေပါလေ့စေလို့ သူ့တပည့်တွေကို အော်ဟစ်ပြောဆိုကာ ခိုင်းစေနေပါတော့တယ်။

ဧည့်သည် ရေနံတူးသမားခေါင်းဆောင်ကြီးဟာ အပြေးတစ်ပိုင်းနဲ့ တောရကျောင်းဆရာတော်ကို ဝမ်းသာအားရ လျှောက်ထားပါတယ်။ ပျောက်သွားတဲ့ ရေနံကြောကြီးဖြစ်ကြောင်း၊ ဆရာတော်ရဲ့ ကံအလွန်ကောင်းကြောင်းတွေပါပဲ။ သို့သော် ဆရာတော်က ဘဝင်မကျ။ လေးလေးပင်ပင်ကြီးသာ သက်ပြင်းချနေမိပါတော့တယ်။ အခုတော့ ဆရာတော်ရဲ့ တောရကျောင်းဝန်းကျင်တစ်ဝိုက်မှာ လူတွေနဲ့ ပြည့်နှက်နေကြပါပြီ။ ဆရာတော့်ဆီမှာ ရေနံတူးအဖွဲ့တွေရော၊ ပွဲစားတွေပါ အပြိုင်အဆိုင်လျှောက်ထားနေကြပါတယ်။ တပည့်တော်က ငါးတွင်းစာအတွက် သိန်းနှစ်ရာပါဘုရား၊ တပည့်တော်က တစ်ဧကစာအတွက် သိန်းငါးရာပါဘုရားနဲ့ ရှုပ်ထွေးနေပူ၊ ဆရာတော့် စိတ်တွေဗလောင်ဆူနေလျက်ပါ။ အချို့သူများကလည်း ဆရာတော်မျက်နှာမကောင်းဘဲ အဆိုးအကောင်း၊ အကြောင်းမပြန်တာကို တစ်မျိုးမြင်ပြီး မှတ်ချက်ပေးနေကြပြန်ပါတယ်။ အလကားရတဲ့ငွေကို လောဘကြီးနေတာလို့ ထင်တဲ့အကြောင်း အခွင့်အရေးကိုတော့ အဆုံးရှုံးမခံနိုင်ကြောင်း၊ တိုးတောင်းရင်လည်း တိုးပေးမယ့်အကြောင်း စသဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေရဲ့။ ဆရာတော်ကတော့ ဘယ်လိုမှ မိန့်တော်မမူ။

ဆီပွဲစားတွေကတော့ ဆရာတော်ဟာ အိုက်တင်ခံနေတာလို့ထင်ပြီး ထင်ရာကို စွတ်ပြောနေကြပြန်ပါတယ်။ ဆရာတော်ရဲ့ တောရကျောင်းလေး တိုက်ကျောင်းဆောက်လို့ရပြီ။ ကော်တာပဲ၊ ကံကောင်းတာပဲလို့ သူတို့စိတ်ထင်ရာကို တစ်ယောက်တစ်မျိုးစီ စွတ်ပြောနေကြတာပေါ့။ လူရည်လည် ပွဲစားနှစ်ယောက်ကတော့ ဆရာတော်ရဲ့ အနီးကို ချဉ်းကပ်ပြီး ဆရာတော် မနစ်နာရအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆရာတော်ရဲ့ သဘောထားကို ပွင့်ပွင့်လင်းလင်း မိန့်ကြားစေလိုပါကြောင်း လျှောက်ထားကြပြန်ပါတယ်။ ဆရာတော်ရဲ့ သဘောဆန္ဒအရကတော့ တောရကျောင်းလေးရဲ့ ဆိတ်ငြိမ်မှုကို မထိခိုက်စေဖို့ ရပ်နားလိုက်ကြပါ။ ဆက်မလုပ်ကြဖို့ မေတ္တာရပ်ခံပါကြောင်း မိန့်လိုက်ပါတော့တယ်။ ဒီအခါ ဆီပွဲစား လူရည်လည်တစ်ဦးက သည်နေရာတစ်ဝိုက်ဟာ သူတို့လုပ်ကွက်ထဲပါနေတာမို့ ဆရာတော်ခွင့်မပြုပါကလည်း ဆက်လက်လုပ်ကိုင်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း လျှောက်တော့ ဆရာတော်က ဘာစကားမှ မတုံ့ပြန်ဘဲ ထိုင်ရာမှထကာ အခန်းတွင်းဝင်ပြီး တံခါးကို စေ့ထားလိုက်ပါတော့တယ်။ ဆရာတော်ဟာ ဘယ်လိုပြောလို့မှ ရမှာမဟုတ်တော့တဲ့အတွက် မနက်မိုးမလင်းမီ ကပ္ပိယကြီးကို အသာလှုပ်နှိုးလိုက်ပြီး မိမိတောရကျောင်းနဲ့ နှစ်မိုင်ကျော်ကျော်လောက်ဝေးတဲ့ တောသင်္ချိုင်းသုသာန်ဇရပ်တစ်ခုပေါ် ကပ္ပိယကြီးနဲ့အတူ ထိုင်နေလိုက်ပါတော့တယ်။ မနက် ၇ နာရီခွဲလောက်ရှိတဲ့အခါ သုသာန်ဇရပ်နဲ့ သိပ်မဝေးလှတဲ့ ရွာလေးတစ်ရွာထဲကို ဆွမ်းခံဝင်ကာ ပြန်ကြွလာပြီး သုသာန်ဇရပ်ပေါ်မှာပဲ 'ပတ္တပိဏ်ဆွမ်း'ကို ဘုဉ်းပေးကာ ခေတ္တအနားယူ နေလိုက်ပါတယ်။ ကပ္ပိယကြီးက ဆရာတော့် ဆွမ်းကျန်စားပြီး သပိတ်ကို ဆေးကြောကာ ဆရာတော့်အနားထိုင်ပြီး အတွေးကိုယ်စီနဲ့ ငေးမောနေကြပါတယ်။ ဒီအခိုက်အတန့်မှာ ရေနံတူးသမားခေါင်းဆောင်ကြီးနဲ့အတူ ဒကာတစ်ဦးပါ သုသာန်ဇရပ်ဆီ လာနေတာကို လှမ်းမြင်လိုက်ရပါတယ်။ ဇရပ်အနီးရောက်လို့ ဦးချကန်တော့လိုက်တဲ့အခါကျကာမှ မိမိကို မကြာသေးမီကာလက ကားလက်မှတ်ဆက်ကပ်လိုက်တဲ့ ဒကာဖြစ်ကြောင်း သိလိုက်ရပါတော့တယ်။ ဒကာကြီးက ဆရာတော်ကို လျှောက်ထားလိုက်ပါတယ်။ ဆရာတော်ကို အကျပ်ကိုင်လျှောက်တဲ့ ဆီပွဲစားနှစ်ဦးဟာ လူလိမ်လူညာ ရိုက်စားတွေသာဖြစ်ပါကြောင်း၊ သူတို့ အဖေကလည်း ဆီမှောင်ခိုသမားကြီး တစ်ဦးသာဖြစ်ပါကြောင်း၊ ပိုက်ဆံချမ်းသာတော့ ငွေကိုရေလိုသုံးပြီး မိန်းမတွေ ဖအေနဲ့အပြိုင် မှိုလိုပေါအောင် ယူနေကြတာလို့ပါ လျှောက်ပါတယ်။ ရေနံတူးသမားခေါင်းဆောင်ကြီးကလည်း သူ့အဝီစိတွင်း တူးမိတဲ့အတွက် ဒီလိုဖြစ်ရတာကို ခွင့်လွှတ်ဖို့ လျှောက်ထားလိုက်ပြန်ပါတယ်။

ကားလက်မှတ်လှူလိုက်တဲ့ဒကာကြီးက ဆက်ပြီး လျှောက်ထားလိုက်ပြန်ပါတယ်။ အပေါ်ယံကြောက ထပေါက်တဲ့ ရေနံတွင်းသာဖြစ်ပါကြောင်း၊ မြဲလည်းမမြဲ၊ ကြာလည်းမကြာမယ့် ရေနံမှော်မျိုးသာဖြစ်နိုင်ပါကြောင်း၊ ဒီတစ်ကျင်းသာပေါက်ပြီး ကျန်တဲ့ကျင်းတွေက ပေါက်ဖို့မသေချာပါကြောင်း၊ သို့ပေမယ့် လူတွေက မှော်ရူးတွေဆိုတော့ အသံကြားတာနဲ့ ဝိုင်းအုံနေကြပါကြောင်း၊ ဆရာတော်ရဲ့ ကျောင်းဝိုင်းမြေနေရာက ရေနံလုပ်ကွက်ထဲမှာ မပါဝင်ပါကြောင်း၊ ရဲစခန်းကိုလည်း ဖုန်းဆက်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ခုလောက်ဆို နယ်မြေရှင်းလင်းနေတဲ့အတွက် ဆီပွဲစားလူလိမ်နှစ်ဦးလည်း ပြေးလောက်ပြီ ထင်ပါကြောင်း၊ ဒါကြောင့် ဆရာတော်လည်း တောရကျောင်းလေးကို ပြန်ကြွလို့ ရပြီဖြစ်ပါကြောင်း အပြီးသတ် လျှောက်ထားလိုက်ပါတယ်။

ဆရာတော် အမိန့်ရှိလိုက်တာကတော့ ဒီကမ္ဘာပေါ်မှာ ဘယ်သူမဆို ချမ်းသာချင်ကြတဲ့ သူတွေသာများကြကြောင်း၊ ဒါပေမဲ့ သူတို့ ချမ်းသာချင်တာနဲ့ ဆရာတော် ချမ်းသာချင်တာက မတူပါကြောင်း၊ သာမန်လူသားတွေ ချမ်းသာချင်တာက စည်းစိမ်ဉစ္စာ၊ ရာထူးဂုဏ်သိန်၊ ဇိမ်ခံပစ္စည်း အစုစုတွေသာဖြစ်ပါကြောင်း၊ ဆရာတော်အလိုချင်ဆုံး ချမ်းသာက 'မဂ်ဖိုလ်ချမ်းသာ' ကိုသာ အမြတ်နိုးဆုံးဖြစ်ပါကြောင်း၊ ဒါကြောင့်လည်း တစ်ပါးတည်း တောရဆောက်တည်နေ တာဖြစ်ပါကြောင်း၊ လောကီချမ်းသာကတော့ ရန်သူတွေ ပတ်လည်ဝိုင်းနေပါကြောင်း၊ မဂ်ဖိုလ်ချမ်းသာဆိုတာ လူတိုင်း မရနိုင်သလို ရယူချင်တဲ့သူလည်း အလွန်ရှားလိမ့်မည်ဖြစ်ပါကြောင်း မိန့်ကြားရင်း ဆရာတော်က စကားကို အဆုံးသတ်လိုက်ပါတော့တယ်။

**သင်ခန်းစာ**

မဟာဇနကမင်းကြီးသည် ဥယျာဉ်၏အဝင်ဝသို့ရောက်သော် သူ၏ယာဘက်တွင် အသီးတို့ဖြင့် ပြွတ်သိပ်နေသော သရက်ပင်ကြီးတစ်ပင်ကို တွေ့ရ၏။ သူ၏ဝဲဘက်တွင်မူ အသီးလုံးဝမသီးဘဲ အခက်အလက် အရွက်တို့ဖြင့် စိုပြည်၍နေသော သရက်ပင်ကြီးတစ်ပင်ကိုလည်း တွေ့ရ၏။ ဥယျာဉ်အတွင်းသို့ ဝင်သောအခါ ဥယျာဉ်အတွင်း၌ အနားယူစဉ် စားသုံးရန် စီးတော်ဆင်ပေါ်မှနေ၍ သရက်သီးမှည့် အနည်းငယ်မျှကို ခူးဆွတ်သွား၏။ ရှင်ဘုရင်ခူးဆွတ်ပြီးသော် မှူးမတ်တို့ ခူးဆွတ်၏။ အခြွေအရံတို့ ခူးဆွတ်၏။ စစ်သည်တော်များအလှည့်ရောက်သော် တုတ်များ၊ ခဲများဖြင့် ထုကာပစ်ကာ တစ်ပင်လုံး ညက်ညက်ကြေအောင် ခူးဆွတ်ကြလေ၏။

ညနေစောင်း၍ ဥယျာဉ်တော်မှ ထွက်သောအခါ အသီးတို့ဖြင့် ပြွတ်သိပ်နေသော သရက်ပင်ကြီးသည် ကြေမွပျက်စီးလျက်ရှိပြီး အသီးမသီးသော သရက်ပင်ကြီးမှာ ယခင်ကဲ့သို့ပင် အခက်အလက်တို့ဖြင့် ဝေဆာလျက်သာရှိနေသည်ကို တွေ့မြင်ရလေ၏။ မဟာဇနကမင်းကြီးသည် သရက်ပင်နှစ်ပင်ကိုကြည့်၍ သံဝေဂရရှိကာ ငါသည်လည်း အသီးသီးသော သရက်ပင်ကြီးကဲ့သို့ပါတကားဟူ၍ မြည်တမ်းလျက် တောထွက်တရားအားထုတ်ကာနေလေတော့သတည်း။

**စာကိုး။ ။**

သုရဋ္ဌမဂ္ဂဇင်း -၂၀၂၅ ခုနှစ်၊ ဧပြီ - ရဲမြတ်တင် (အမျိုးသားစာပေဆု)

၁။ ချမ်းသာချင်ကြသူများ

၂။ စာရေးသူ၏ အတွေးပုံရိပ်

ငါ့စာကိုဖတ်၊ ပရိသတ်အား၊ မြင့်မြတ်စိတ်ထား၊ ကုသိုလ်ပွားအောင် ကြိုးစားကာပင်၊ ရေးစီရင်သည်၊ ကြည်လင်ချမ်းမြေ့ကြပါစေ။

**အင်ကြင်းစု**

**မျိုးချစ်ဆွေ(မန္တလေး)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Azzamine သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းဖြစ်

လူငယ်သုံးပွင့်ဆိုင် အချစ် ထားသည့် Azzamine မှာ ဇာတ်လမ်းကို ပုံဖော်ရိုက်ကူး မိန်းကလေးတစ်ဦး၏ တန်ဖိုး



အကြောင်း ရသနောရိုက်ကူး ထားကြောင်း ဟောလိဝုဒ်ဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

အပျိုဖော်ဝင် မိန်းကလေး တစ်ဦးမှာ ဘာသာရေးကိုင်းရှိုင်း မှုမရှိဘဲ မိဘက အောင်သွယ်ပေး သည့် ဘာသာရေးကိုင်းရှိုင်းသော လူငယ်လေးနှင့် မိတ်ဆက်ခဲ့ရ သည်။

နှစ်ဦးသား ဆန့်ကျင်သော စရိုက်များကြောင့် မြင်မြင်ချင်း ကြည့်မရဘဲ ရှောင်ဖယ်ရန် ကြိုး စားရာမှ စိတ်နှလုံး နူးညံ့သိမ်မွေ့ ပြီး စိတ်ကောင်းရှိသူဖြစ်၍ ခံစား ချက်များ ယိမ်းယိုင်လာခဲ့သည်။

တစ်ဖက်တွင်လည်း မိဘ သဘောမတူသူနှင့် လေးနှစ်ကြာ တွဲခဲ့ရသည့် ချစ်သူရှိနေ၍ စိတ် ဒွိဟဖြစ်နေကာ မိန်းကလေးတစ် ဦး၏ တန်ဖိုးကို ရသနော၍ လှပ သော ရိုက်ချက်များနှင့် ခံစား တင်ပြထားသည်။ (SKY)



## ဘက်တီးရီးယိုဖေ့ချ်ဟု ခေါ်ဆိုသည့် ပိုင်းရပ်စ်ကို အူမကြီးကင်ဆာ ဝေဒနာရှင်များတွင် ပိုမိုတွေ့ရှိရ

တောင်ပိုင်း ဒိန်းမတ်တက္ကသိုလ်နှင့် အိုဒန်ဆာတက္ကသိုလ် ဆေးရုံမှ သုတေသီများသည် လူတို့၏ အူလမ်းကြောင်းအတွင်း ရှိ အတွေ့ရများသော ဘက်တီးရီးယားတစ်မျိုးထဲတွင် ယခင်က မသိရှိခဲ့ရသေးသည့် ဗိုင်းရပ်စ်အသစ် တစ်ခုကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၎င်းဗိုင်းရပ်စ်ကို အူမကြီးကင်ဆာ ဝေဒနာရှင်များတွင် ပိုမိုတွေ့ရှိရကြောင်း အဆိုပါ သုတေသီ များက အတည်ပြုသည်။

အူမကြီးကင်ဆာ ဖြစ်ပွားလာမည့် လူနာများတွင် အဆိုပါ ဘက်တီးရီးယားအတွင်း၌ သီးခြားဗိုင်းရပ်စ်တစ်မျိုး ပါဝင်နေနိုင် ခြေ ပိုများနေသည်ကို တွေ့ရသည်။

ဘက်တီးရီးယိုဖေ့ချ်ဟု ခေါ်ဆိုသည့် ယင်းဗိုင်းရပ်စ်အမျိုး အစားသည် ဘက်တီးရီးယားဆဲလ်များအတွင်း၌ ရှင်သန်နေထိုင် ကြခြင်း ဖြစ်သည်။

ထိုဗိုင်းရပ်စ်၏ ကင်ဆာရောဂါဖြစ်ပွားစေမှုကို တိုက်ရိုက် ဖြစ်စေခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန် သုတေသီများဆက်လက် လေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

SCI

## Arirang အယ်လ်ဘမ်ထဲမှ No.29 မှာ ကိုရီးယားနိုင်ငံ၏ အမျိုးသားရတနာဖြစ်

ဘီတီအက်စ်အဖွဲ့၏ Arirang အယ်လ်ဘမ်ထဲမှ သီချင်း No-29 မှာ ကိုရီးယားနိုင်ငံ၏ အမျိုးသားရတနာခေါင်းလောင်း ကြီးအကြောင်းဖြစ်ပြီး အနှစ်တစ် ထောင်ငိုသံကို ကမ္ဘာအနှံ့ပေးပို့ ခဲ့ခြင်းဖြစ်ကြောင်း ဆွန်ပီဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်ပေါင်းတစ် ထောင်နှစ်ရာသက်တမ်းရှိ ကိုရီး ယားနိုင်ငံ၏ ရတနာဆောင်းဒေါ် ဘုရင်၏ ခေါင်းလောင်းတော် ကြီး(သို့မဟုတ်)အမ်မလီခေါင်း လောင်းကြီး ဖြစ်သည်။

ခေါင်းလောင်းကြီးအသံထွက် ရန် ပြုလုပ်ရာ၌ ကလေးငယ်ကို ခေါင်းလောင်းကြီးသွန်းသည့် သတ္တုထဲ စတေးခဲ့ရပြီး လွမ်းဆွတ် ပူဆွေးဖွယ် ဒဏ္ဍာရီနှင့် ပြီးဆုံး ချိန် ခေါင်းလောင်းတီးရာမှ




တောင်ကြားတစ်လျှောက် နက် ရှိုင်းစွာ ထွက်ပေါ်လာသံမှာ ရှေး ကိုရီးယားစကား၏ အမေ မေမေ ဟူ၏။

ခေါင်းလောင်းကြီး ပြီးဆုံး သည့်နှစ်မှာ (၇၇၁)ကိုရီးယား နိုင်ငံ၏ အမျိုးသားရတနာ အမှတ်စဉ်နံပါတ် (၂၉)အနှစ်တစ် ထောင်ငိုသံကို ဘီတီအက်စ် အယ်လ်ဘမ်မှတစ်ဆင့် ကမ္ဘာအနှံ့ ပေးပို့ပေးခဲ့ခြင်း ဖြစ်သည်။

(SKY)



## အနုပညာဖြတ်သန်းမှု အမှတ်တရချန်ထားခဲ့သော ကျိုယီ

တရုတ်အနုပညာလောကတွင် ခါးသီးမှုများနှင့် ကြုံတွေ့ခဲ့ရ သည့် ကျိုယီသည် သူဖြတ်သန်း မှုအမှတ်တရများကို ပရိသတ် အတွက် ချန်ထားပေးခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြ သည်။

ကျိုယီသည် တရုတ်လူငယ် ဂီတအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဖိနှိပ်မှု များစွာနှင့် ကြုံခဲ့ရကာ လက်တွေ့ ဘဝတွင် ပင်ပန်းဆင်းရဲစွာ ရုန်းကန် ခဲ့ရသူဖြစ်သည်။ ဂီတကို ချစ် မြတ်နိုး၍ ဖက်တွယ်ထားရာမှ ပရိသတ်အားပေးမှုနှင့် စူပါစတား တစ်ဦးဖြစ်လာခဲ့သည်။

၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် Xiamen မြို့ကို လေးကြိမ်မြောက် ပြန်လာရန် ရွေးချယ်ခဲ့ခြင်းမှာ ထို မြို့လေး၌ သူလျှောက်လှမ်းခဲ့ သည့် လမ်းကြောင်းများ အမှတ် တရရှိနေ၍ဖြစ်ပြီး ယခင်ပုံစံ အတိုင်း ဝတ်စားဆင်ယင်၍ သီ ဆိုဖျော်ဖြေပွဲ ကျင်းပခဲ့ရာ ပရိ သတ်အားပေးမှုများစွာ ရရှိခဲ့ သည်။ (SKY)

## Zhang Yixing@Lay က Street Dance of China အပိုင်းသစ်တွင် ပါဝင်မည်

တရုတ်အနုပညာလောကမှ မျိုးဆက်သစ် အကသမားများ မွေးထုတ်ပေးနိုင်ခဲ့သည့် Street Dance of China အစီအစဉ်သစ် တွင် ကပွဲတိန်ဟောင်းများဖြစ် ကြသည့် ဝမ်ရိဘို၊ လျူယီရှင်း တို့နှင့်အတူ ကျန်းယီရှင်း(ခေါ်) လေးလည်း ပါဝင်မည်ဟု သတင်း ထွက်နေကြောင်း ဝိန်ဘိုဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

ဝါရင့်ကပွဲတိန်ဟောင်း အက နည်းပြပညာရှင်များနှင့်အတူ လျူယီရှင်းသည် အဆိုပါ အစီ အစဉ်တွင် ပထမဦးဆုံး အမျိုး သမီးအဖွဲ့ခေါင်းဆောင်ဖြစ်ခဲ့ပြီး အစီအစဉ်သစ်တွင် နည်းပြအဖြစ် ပါဝင်မည် ဖြစ်သည်။

ကပွဲတိန်ဟောင်း ကျန်းယီ ရှင်း(ခေါ်)လေး အိပ်ဇိုအဖွဲ့ဝင် ဟောင်းက ဟူနန်ပြည်နယ် ချန် ရှားဇာတိဖြစ်ပြီး အဆိုတော်၊ သရုပ်ဆောင်၊ စီအီးအိုတစ်ဦး



ဖြစ်သည်။ နာမည်ကျော် အဆို တော်၊ သရုပ်ဆောင်၊ အကပညာ ရှင်၊ ဆိုင်ကယ်၊ ပြိုင်ကားမောင်း ချန်ပီယံ၊ တောင်တက်ကျွမ်းကျင် သူ လော့ရမ်မြို့သား ဝမ်ရိဘို လည်း ပါဝင်မည်ဟု သတင်းထွက် ခဲ့သည်။

(SKY)

## Lee Hyori ကေပေါ့ပ် ရွှေခေတ်နှင့် ကြုံခဲ့ရ

ကေပေါ့ပ်လောကတွင် နှစ် ထောင်ပြည့်နှစ် အစောပိုင်းကာလ များကို လီဟိုရီ၏ ရွှေခေတ်အဖြစ် သတ်မှတ်မှုနှင့် ကြုံတွေ့ခဲ့ရ ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လီဟိုရီ၏ 10 Minutes သီချင်းထွက်ခဲ့ပြီးနောက် ကိုရီး ယားတွင် ကျော်ကြားလာကာ သတင်းစာ မျက်နှာဖုံးတွင် (၈၉၁) ကြိမ်အထိ ပါခဲ့ပြီး Gunness World Reords ဝင်ခဲ့သည်။

ဂီတဖျော်ဖြေရေးလောကတွင် သာမက ကြော်ငြာဘုရင်မအဖြစ် လက်မလည်အောင် ငှားရမ်းခံရ ကာ ဒေဆောင်းဆုကို ပထမဆုံး သိမ်းပိုက်နိုင်ခဲ့ပြီး သရုပ်ဆောင် တစ်ဦးပါ ဖြစ်ခဲ့သည်။

လီဟိုရီ၏ ဖက်ရှင်စတိုင် ကျနမှု၊ ယောဂကျင့်စဉ်နှင့် သက် သတ်လွတ်စားမှုတို့မှာ ပရိသတ် ကြား လွှမ်းမိုးမှုရှိခဲ့ပြီး လီဟိုရီက အံ့အားတသင့်ဖြစ်ခဲ့ရ၍ သူမလုပ် သည့်အရာများကို အားပေးနေကြ သဖြင့် ကျေးဇူးတင်စကားပြော ကြားခဲ့သည်။

(SKY)

0-0-0-0-0-0-0-0

## Enhypen Lee Heesaung မှ နုတ်ထွက်ခြင်းကိစ္စ ပရိသတ်စိတ်ဝင်စားနေ

ကေပေါ့ပ် မျိုးဆက်သစ် အဖွဲ့ ဟိုက်ဖန်အဖွဲ့ဝင် လီဟီ ဆောင်းသည် အဖွဲ့မှ နုတ်ထွက် ကြောင်း တရားဝင်ကြေညာခဲ့၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားခဲ့ ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

အဖွဲ့ဝင် လီဟီဆောင်း ရုတ် တရက် အဖွဲ့မှ ထွက်ခွာခြင်း အပေါ် ပရိသတ်များက ထင်ကြေး များစွာနှင့် မှတ်ချက်ပေးထားကြ ကာ HYBE မှ ဘိတ်ဆီဟွမ် ကို အပြစ်တင်ထားကြသည့်အပြင် ဝေဖန်တိုက်ခိုက်မှုများ ပြင်းထန် ခဲ့သည်။

ဟိုက်ဖန်အဖွဲ့ဝင် ခုနစ်ဦး အနက် လီဟီဆောင်းမှာ အဓိက အဆိုရှင်၊ အကပညာရှင်လည်း ဖြစ်၍ ပြန်လာရန် ပရိသတ် များက အားပေးကူညီထားကြ ကာ နောက်ကွယ်မှ အကြောင်း အရင်းကို ဖော်ထုတ်ရန် ကြိုးပမ်း နေကြသည်။

လီဟီဆောင်းမှာ ၂၀၁၈ ခုနှစ် မှစ၍ TXT တွင် ပွဲဦးထွက်ရန် ကြိုးစားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တွင် ဟိုက်ဖန်နှင့် ပွဲဦးထွက်ခဲ့သူ ဖြစ်ပြီး ဂီတကို မြတ်နိုးသူဖြစ်၍ တစ်ကိုယ်တော်အဖြစ် ဆက်လက် လှုပ်ရှားမည်ဟု ဆိုသည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဟော်မုဇ်ရေလက်ကြားရှိ ကုန်သွယ်ရေးသင်္ဘောလိုင်းများကို ဗြိတိန်နှင့် ပြင်သစ်နှစ်နိုင်ငံ ဦးဆောင်၍ ကာကွယ်ပေးသွားမည်



**လန်ဒန် ဧပြီ ၁၉**

ဟော်မုဇ်ရေလက်ကြားရှိ ကုန်သွယ်ရေးသင်္ဘောလိုင်းများကို ကာကွယ်ပေးရန်အတွက် ဗြိတိန်နှင့် ပြင်သစ်နှစ်နိုင်ငံက ဦးဆောင်၍ နိုင်ငံစုံမစ်ရှင်တစ်ရပ်ကို လုပ်ဆောင်သွားမည်ဟု ဆာကီယာစတာမာက ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါလုပ်ငန်းစဉ်သည် လုံးဝငြိမ်းချမ်းသော ကာကွယ်ရေးလုပ်ငန်းစဉ်သာဖြစ်ပြီး ဒေသတွင်း ပဋိပက္ခများ ပြီးဆုံးသွားသည့်အခါမှသာ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နိုင်ငံပေါင်း ၅၁ နိုင်ငံ တက်ရောက်သော အစည်းအဝေးအပြီးတွင် ၎င်းက အလေးပေးပြောကြားသည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံကို တိုက်ခိုက်ခဲ့ပြီးနောက် အီရန်က အဆိုပါရေလမ်းကြောင်းကို ပိတ်ဆို့ထားခဲ့သဖြင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်နှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ရသည်။

အဆိုပါရေလမ်းကြောင်းမှာ ယခုအခါ လုံးဝပွင့်လင်းသွားပြီဟု ဧပြီ ၁၇ ရက်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပြီး အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကလည်း အလားတူကြေညာချက်မျိုး ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **Mon**



## ဘေရွတ်၌ လူအများဂုဏ်ပြုကြိုဆို အဝါရောင်အလံများ ဝှေ့ယမ်းလျက် နေရပ်ဒေသများသို့ ပြန်

**ဘေရွတ် ဧပြီ ၁၉**

လွန်ခဲ့သောသန်းခေါင်ယံအချိန်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဘေရွတ်မြို့တော်တွင် သေနတ်ပစ်ဖောက်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် အပစ်အခတ်ရပ်စဲရေး စတင်မှုကို ဂုဏ်ပြုဆင်နွှဲခဲ့ကြကြောင်း သိရသည်။

တစ်မနက်ခင်းလုံး ပြုံးပျော်နေသော လူအုပ်ကြီးသည် ဟစ်ဇ်ဘိုလာတို့၏ အမာခံနယ်မြေဖြစ်သော လက်ဘနွန်တောင်ပိုင်းသို့ ဦးတည်သည့် လမ်းမများပေါ်တွင် စုရုံးခဲ့ကြပြီး တေးဂီတများဖွင့်ကာ အဝါရောင်အလံများကို ဝှေ့ယမ်းလျက် နေရပ်ကြောင့် စွန့်ခွာခဲ့ရသော ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထိုအပစ်အခတ်ရပ်စဲရေးသည် အစ္စရေးနှင့် လက်ဘနွန်ရှီအိုက်မူဆလင် လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ဟစ်ဇ်ဘိုလာတို့အကြား ခြောက်ပတ်ကြာ ပြင်းထန်သော ပဋိပက္ခများဖြစ်ပွားပြီးနောက် ပထမအဆင့်အနေဖြင့် ရက် ၆၀ ကြာ သတ်မှတ်ထားခြင်းဖြစ်သည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးသည် ပဋိပက္ခဒဏ်ကြောင့် နွမ်းနယ်နေသော နိုင်ငံအတွက် ခေတ္တခဏ နားခိုခွင့် ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## အရှေ့ဘက်ကမ်းရိုးတန်းအလွန် ပင်လယ်ပြင်သို့ တိုက်ချင်းပစ်ဒုံးလက်နက်များ မြောက်ကိုရီးယားပစ်လွှတ်

**ပြုံယမ်း ဧပြီ ၁၉**

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ အရှေ့ဘက်ကမ်းရိုးတန်းအလွန် ပင်လယ်ပြင်သို့ တိုက်ချင်းပစ် ဒုံးလက်နက် အများအပြားကို ယမန်နေ့က ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခု ပြုလုပ်ခဲ့သော ဒုံးလက်နက်ပစ်လွှတ်မှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ယခုနှစ်အတွင်း သတ္တမမြောက် တိုက်ချင်းပစ် ဒုံးလက်နက် ပစ်လွှတ်မှုဖြစ်ပြီး ဧပြီလအတွင်း စတုတ္ထအကြိမ်မြောက် ပစ်လွှတ်ခြင်းလည်း ဖြစ်သည်။

အဆိုပါဒုံးလက်နက်များကို နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မြောက်ကိုရီးယား အရှေ့ဘက်ကမ်းရိုးတန်းရှိ ဆင်ပိုမြို့အနီးမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ရာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် စောင့်ကြည့်စစ်ဆေးမှုများကို တိုးမြှင့်ထားပြီး အမေရိကန်၊ ဂျပန်နိုင်ငံတို့နှင့်လည်း သတင်းအချက်အလက်များကို အနီးကပ် ဖလှယ်လျက်ရှိကြောင်း သိရသည်။ **Mon**

## ငါးနှစ်အတွင်း ရှစ်ကြိမ်မြောက် ပါလီမန်ရွေးကောက်ပွဲတွင် ဘူလ်ဂေးရီးယားနိုင်ငံသားများ စတင်မဲပေးနေပြီဟု ဆို



**ဆိုဖီယာ ဧပြီ ၁၉**

ယမန်နှစ် ဒီဇင်ဘာလအတွင်းက ကွန်ဆာဗေးတစ်အစိုးရအဖွဲ့ ပြုတ်ကျခဲ့ပြီးနောက် ငါးနှစ်တာကာလအတွင်း ရှစ်ကြိမ်မြောက်အဖြစ် ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲတွင် ဘူလ်ဂေးရီးယားနိုင်ငံသားများ စတင်မဲပေးနေပြီဖြစ်ကြောင်း သိရသည်။

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်၏ တစ်ဖက်သတ်ဆန်သောမူဝါဒများနှင့် ကမ္ဘာလုံးဆိုင်ရာ လက်ယာစွန်းရောက်လှုပ်ရှားမှုများကို ဟန်ဂေရီမဲဆန္ဒရှင်များက ငြင်းပယ်ခဲ့ပြီး ရက်ပိုင်းအကြာတွင် ကျင်းပသည့် ယင်းမဲပေးပွဲသည် ရုရှားလိုလားသူ သမ္မတဟောင်း ရူမန်ရာဒက်ဗ် ဦးဆောင်သည့် လက်ဝဲယိမ်းအင်အားစုများကို အာဏာရရှိစေနိုင်သဖြင့် အများစိတ်ဝင်စားလျက်ရှိသည်။

ဆန္ဒပြသူများသည် နိုင်ငံအတွင်း ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို နှိမ်နင်းရန်အတွက် လွတ်လပ်သော တရားစီရင်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ **Mon**

## မလေးရှားနိုင်ငံ ဆာဘားပြည်နယ်ရှိ ကမ်းရိုးတန်းကျေးရွာတွင် မီးလောင်မှုကြောင့် အိမ် ၂၀၀ ခန့် ပျက်စီးကာ အိုးမဲ့အိမ်မဲ့ ဖြစ်

**ကွာလာလမ်ပူ ဧပြီ ၁၉**

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်ရှိ ကမ်းရိုးတန်းကျေးရွာတစ်ရွာတွင် ဧပြီ ၁၉ ရက်က မီးလောင်မှုဖြစ်ပွားပြီး နေအိမ် ၂၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် လူပေါင်း ရာနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆန်ဒကန်ခရိုင်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ မီးလောင်မှုအား နံနက် ၁ နာရီ ၃၂ မိနစ်ခန့်တွင် သတင်းရရှိခဲ့ခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်နှင့် ကယ်ဆယ်ရေးဦးစီးမှူး ဂျင်မီလာဗွန်၏ ပြောကြားချက်ကို ကိုးကား၍ ဘာနားမားသတင်းဌာနက ရေးသားထားသည်။

လေပြင်းတိုက်ခတ်ခြင်းနှင့် နေအိမ်များ အနီးကပ်တည်ရှိနေခြင်းတို့ကြောင့် မီးမှာ အရှိန်အဟုန်ဖြင့် ကူးစက်ပျံ့နှံ့ခဲ့ရပြီး ရေစစ်ချိန်ဖြစ်နေခြင်းကြောင့်လည်း ငြိမ်းသတ်ရန် ရေအရင်းအမြစ် ရရှိရန် ခက်ခဲခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အီရန်နိုင်ငံရှိ မာ့စ်ဟတ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခွင့်ပြု




**တီဟီရန် ဧပြီ ၁၉**

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း ခိုရာဆန် ရာဇာဗီပြည်နယ်ရှိ မာ့စ်ဟတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခွင့်ပြုခဲ့ကြောင်း အီရန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

အီရန်အရှေ့ပိုင်းလေပိုင်နက်ကို နိုင်ငံတကာ လေကြောင်းများအတွက် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အီရန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့၏ တရားဝင် ဝက်ဘ်ဆိုက်တွင် ကြေညာခဲ့သည်။

အချို့လေဆိပ်များသည် ဧပြီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီကတည်းက လေကြောင်းလိုင်းများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

သို့သော်ပြည်တွင်းလေကြောင်းလက်မှတ်များ ရောင်းချရန်အတွက် ခွင့်ပြုချက်မရရှိသေးကြောင်း အီရန်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

အီရန်လေဆိပ်များရှိ လေကြောင်းခရီးစဉ်များကို မကြာမီ အချိန်တွင် ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြုသွားမည် ဖြစ်ကြောင်း အီရန် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ အမေရိကန်နှင့် အစ္စရေးတို့၏ ပူးပေါင်း တိုက်ခိုက်မှုကြောင့် အီရန်သည် ၎င်း၏လေပိုင်နက်ကို ပိတ်ပစ်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်လေကြောင်းပျံသန်းမှုများကို ရပ်ဆိုင်းခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## အီရန်-အမေရိကန် ဆွေးနွေးပွဲ စတင်မကျင်းပမီ လုံခြုံရေးတင်းကျပ်

**အစ္စလာမ္မာဘတ် ဧပြီ ၁၉**

အီရန်နှင့် အမေရိကန် ဒုတိယအကြိမ် ဆွေးနွေးပွဲစတင်မကျင်းပမီ ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်နှင့် ရဝါပန်ဒီတို့တွင် လုံခြုံရေးများ တင်းကျပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမြို့နှစ်မြို့တွင် ရဲတပ်ဖွဲ့မှ လက်ဖြောင့်သေနတ်သမားတပ်ဖွဲ့ဝင်များအပါအဝင် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင် ၂၀၀၀ ကို တာဝန်ချထားကြောင်း သိရသည်။

လှုပ်ရှားတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအား တပ်လှန့်ထားပြီး ကင်မရာများဖြင့် စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပထမအကြိမ် ဆွေးနွေးပွဲကျင်းပစဉ်ကလည်း အလားတူ အစီအမံများကို ဆောင်ရွက်ခဲ့သည်။ ယခုကျင်းပမည့်ဆွေးနွေးပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးတာဝန်များထမ်းဆောင်မည်ဖြစ်သည်။ ယင်းမြို့နှစ်မြို့၌ လက်ရှိအချိန်တွင် ခရီးသည်နှင့် ကုန်ပို့ဆောင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ၊ ပြတ်ကျခြင်း၊လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုဘဲ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များအား ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။




(ဓါတ်ပုံ) ဇော်ထက်(သရက်)



## အမရပူရာနီအနောက်ရပ်ကွက်တွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဧပြီ ၁၉**

ပူပြင်းခြောက်သွေ့သော နွေရာသီ ရောက်ရှိလာပြီဖြစ်ရာ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ယမန်နေ့က အမရပူရာနီ အနောက်ရပ်ကွက်အတွင်း၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်ခွဲ(၃)မှ ဒုတိယအရန်မီးသတ်တပ်ခွဲမှူး စိန်ငွေးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမရပူရာနီအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် ရာအိမ်မှူးများ၊ စုစုပေါင်း ၂၀ ဦးတို့က မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အမရပူရာနီအနောက်ရပ်ကွက်၊ အကွက်(၅၁)အတွင်း မီးဘေးလုံခြုံရေး တစ်အိမ်တက်တစ်အိမ်ဆင်းစစ်ဆေးခြင်း၊ မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါဆောင်ရွက်နေမှုအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၄)

*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဧပြီ ၇ ရက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် သာသနာ့ဗိမာန်ရှေ့၌ အမှတ်(၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သာသနာ့ဗိမာန်မှ ရှောင်ဟိုးလမ်းဘက်သို့ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာနေ စိုးကိုကိုဝင်း(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စိုးကိုကိုဝင်းဆိုသူအား တပ်ကုန်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့နေ ထွန်းအောင်ကျော်(၃၇)နှစ်ဆိုသူ မောင်းနှင်လာသည့် PROBOX မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထွန်းအောင်ကျော်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ နမောကျေးရွာလမ်းခွဲအနီး၌ အမှတ်(၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နမောကျေးရွာလမ်းအတိုင်း အရှေ့မှ အနောက်သို့ ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ ထွန်းနိုင်ဝင်း(၄၁)နှစ်ဆိုသူမောင်းနှင်လာသည့် OUTLANDER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထွန်းနိုင်ဝင်းဆိုသူအား ရွှေဘိုမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဘီးလင်း-နတ်ကြီးကားလမ်းအတိုင်း ကဖိုင်းကျေးရွာမှ ဘန့်ဘွေးကုန်းကျေးရွာသို့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဝင်းသန်းဦး(၃၂)နှစ် ဆိုသူမောင်းနှင်လာသည့် NISSAN X-TRAIL မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဝင်းသန်းဦး ဆိုသူအား ဘီးလင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



## စက်ဖြင့် ဆီလှယ်ရာ ပိုက်ဆက်ပြုတ်၍ မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဧပြီ ၁၉**

မြစ်ကြီးနားမြို့နယ်၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၄၁)တွင် ဧပြီ ၈ ရက် နံနက် ၈ နာရီခွဲခန့်က ဓာတ်ဆီဘောက်ဆာတွဲကားမှ အခြားဆီတိုင်ကီအတွင်းသို့ စက်ဖြင့် ဆီလှယ်ရာ ပိုက်ဆက်ပြုတ်၍ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၄၁)၊ ဦးမြင့်ဇော်ဆိုသူ ပိုင်ဆိုင်သော ခြံဝင်းတွင် ငှာရမ်းလုပ်ကိုင်သူသည် ခြံဝင်းအတွင်းရှိ ဓာတ်ဆီဘောက်ဆာတွဲကားမှ အခြားဆီတိုင်ကီအတွင်းသို့ စက်ဖြင့် ဆီလှယ်ရာမှ ပိုက်ဆက်ပြုတ်၍ မီးစတင် ကူးစက်လောင်ကျွမ်းခဲ့မှုကြောင့် တွဲကားဘောက်ဆာတစ်စီး၊ ဓာတ်ဆီပီပါ ၁၂ လုံး၊ ပေ(၃၀ × ၃၀)ရှိ သွပ်မိုး၊ အုတ်ညှပ်၊ မြေစိုက်တစ်ထပ်နှင့် ပေ(၃၀ × ၂၀)ရှိ သွပ်မိုး၊ အထပ်သားကာ၊ မြေစိုက်တစ်ထပ် စုစုပေါင်း အဆောက်အအုံနှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦး၊ အရန် ၂၀ ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်လေးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ ရပ်ကွက်များမှ အရန်မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

**စက်သုံးဆီဖြည့်နေစဉ် လက်ကိုင်ဖုန်း မပြောရ။**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုသူ၊ အပန်းဖြေသူများနှင့် စည်ကား





**မန္တလေး ဧပြီ ၁၉**

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့၏ အထင်ကရ သမိုင်းဝင်ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုသူ၊ အပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်တာကြောင့် ဘုရားစေတီများ၌ ကုသိုလ်ပြုသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ကြိတ်ကြိတ်တိုးစည်ကားနေသလို၊ ရတနာပုံဥယျာဉ်အတွင်း၌လည်း အပန်းဖြေသူများ၊ ကလေးများ၊ အပျော်စက်ဘီးစီးကြသူများ၊ မိသားစုအလိုက် အပန်းဖြေလာကြသူများ၊ ရပ်ဝေး၊ ရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။ ထို့ပြင် ၁၂ လမ်း ကျုံးဘေးတစ်လျှောက် ၂၆ လမ်း ကျုံးဘေးတစ်လျှောက်တွင် ဇီဝိတဒါနငါးလွှတ်၊ ငှက်လွှတ် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားဝင်းနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်တို့မှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နေ့ထူးနေ့မြတ်ဖြစ်တာကြောင့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ရပ်ကွက်တိုင်းရှိ ဓမ္မာရုံများ၊ လမ်းဆုံလမ်းခွများတွင် ညနေပိုင်း၌ ပရိတ်တရားနာကြားသူများဖြင့် စတုဒိသာအကျွေးအမွေးများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် သမိုင်းဝင်ဘုရားများဖြစ်သည့် အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ အိမ်တော်ရာဘုရားဝင်းများတွင်လည်း မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် အထူးစည်ကားနေသလို၊ ကျုံးပတ်လည်တစ်လျှောက် ဇီဝိတဒါနအဖြစ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိသားစုအလိုက် ဇီဝိတဒါန ငါးလာရောက်လွှတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်ကာလအတွင်း ကျုံးပတ်လည်နှင့် ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ရေကစားကြသူများဖြင့် စည်ကားနေပြီး အထူးသဖြင့် မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်၊ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် အသင်းအဖွဲ့မဏ္ဍပ်များဖြင့် စည်ကားခဲ့ပြီး တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မည်စည်တန်းတို့တွင် ရပ်ဝေး၊ ရပ်နီးမှ လာရောက် ရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀





## (RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိတ္ထီလာ ဧပြီ ၁၉**

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ဖောက်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအား(RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန်နှင့် အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲပါ ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းများ ချေးငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးထိုက်က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာလုပ်ငန်းအဖွဲ့ကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**

## မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင်များ ကျိုးပဲ့ပျက်စီး

**ပွင့်ဖြူ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယနေ့ ညနေ ၅ နာရီက ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းတိုင်များ ကျိုးပဲ့ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ ဖီဒါ-၃ (ရောက်တောဖီဒါ) ဓာတ်အားလိုင်းပေါ်သို့ လမ်းဘေးရှိ ကုက္ကိုပင်ကျိုးကျ၍ Single Pole Tension ဓာတ်တိုင်(၁)တိုင်နှင့် ၄င်း ဖီဒါရှိ ကျောင်းစု-သာဂရကျေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ဓာတ်အားလိုင်းတွင်လည်း လေပြင်းတိုက်ခတ်ခဲ့သဖြင့် H-Pole Tension ဓာတ်တိုင် (၂)တိုင်၊ Suspension တိုင် (၁၇)တိုင် လဲကျခဲ့ပြီး စုစုပေါင်း ၁၀ မီတာ လျှပ်စစ်ဓာတ်တိုင် ၂၂ တိုင် ကျိုးပဲ့ပျက်စီးသွားခဲ့ရာ မြို့နယ်အတွင်းရှိ ကျေးရွာ(၇၀)နှင့် မီးသုံးစွဲသူဦးရေ ၈၀၀၀ ဦးခန့် ဓာတ်အားပြတ်တောက်လျက်ရှိသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းတိုင်များကို ပြည်သူများ လျှပ်စစ်မီး ပြန်လည်အသုံးပြုနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဧပြီ ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် အက်စတွန်ဗီလာအသင်း၊ ဘရာဂါအသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပွဲစဉ် ပထမအကျော့ကို လာမည့် မေ ၁ရက်နှင့် ဒုတိယအကျော့ကို လာမည့် မေ ၈ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် အက်စတွန်ဗီလာအသင်းက ရေပန်းစားလျက်ရှိသည်။ **(NGB)**



## 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲချန်ပီယံဆုအား Jannik Sinner ဆွတ်ခူး



**မိုနာကို ဧပြီ ၁၉**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၇-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## လိုကာတယ်လီ ဂျူဗင်တပ်အသင်းနှင့် ၂၀၃၀ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဧပြီ ၁၉**

ဂျူဗင်တပ်အသင်းသည် အသင်းကွင်းလယ်ကစားသမား လိုကာတယ်လီအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "လိုကာတယ်လီအား စာချုပ်သက်တမ်းတိုးခဲ့ပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ) (NGB)**




## စပိန်ဘုရင့်ဖလား ချန်ပီယံဆုအား ဆိုစီဒက်အသင်း ဆွတ်ခူး

**မက်ဒရစ် ဧပြီ ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ချန်ပီယံဆုအား ဆိုစီဒက်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အပေါ်ပုံ)**

ဆိုစီဒက်အသင်းသည် စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆိုစီဒက်အသင်းထုတ်ပြန်ချက်တွင် "၂၀၂၅-၂၀၂၆ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်း ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေရော ကစားသမားတွေရော အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**

## ကိုင်စီဒို ချဲလ်ဆီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဧပြီ ၁၉**

ချဲလ်ဆီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ကိုင်စီဒိုအား ၂၀၃၃ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၁ပွဲ ကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ ကိုင်စီဒိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကျွန်တော်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ **(NGB)**



## နည်းပြ ရီနက်ဒ်အား နည်းပြရာထူးမှ ဆော်ဒီအာရေဗျအသင်းထုတ်ပယ်

**လန်ဒန် ဧပြီ ၁၉**

ဆော်ဒီအာရေဗျအသင်းသည် နည်းပြ ရီနက်ဒ်အား အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆော်ဒီအာရေဗျအသင်းအား ခြေစမ်းပွဲစဉ်များတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိသောကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ ရီနက်ဒ်သည် ဆော်ဒီအာရေဗျအသင်းအား ၂၀၂၄ခုနှစ် အောက်တိုဘာ ၂၆ ရက် စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၉ပွဲတွင် ၁၃ပွဲနိုင်၊ ၅ပွဲသရေ၊ ၁၁ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆော်ဒီအာရေဗျအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ရီနက်ဒ်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## နည်းပြ အာနီဆလော့အား ရာထူးမှ ထုတ်ပယ်ပေးရန် လီဗာပူးအသင်း ပရိသတ်များတောင်းဆို

**လန်ဒန် ဧပြီ ၁၉**

လီဗာပူးအသင်း ပရိသတ်များသည် အသင်းရလဒ်များ ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ အာနီဆလော့အား ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် လီဗာပူးအသင်းသည် ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းပရိသတ်များက နည်းပြ အာနီဆလော့အား ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။



နည်းပြ အာနီဆလော့သည် လီဗာပူးအသင်းကို ၂၀၂၄ခုနှစ် ဇွန် ၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀၅ပွဲတွင် ၆၃ပွဲနိုင်၊ ၁၇ပွဲ သရေ၊ ၂၅ ပွဲ ရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့် အတိုင်း နည်းပြ အာနီဆလော့အား ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဧပြီ ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ဥရောပ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း၊ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။



၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ် ပထမအကျော့ကို ဧပြီ ၂၉၊ ၃၀ ရက်များနှင့် ဒုတိယအကျော့ကို မေ ၆၊ ၇ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၄-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁၈)လက်ချီ - ဖီအိုရင်တီးနား(၁၅)<br>(W,L,L,L,L) (D,W,L,W,W) | လက်ချီ ၀-၆ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၁-၀ လက်ချီ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၁-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၁၃)ပဲလေ့စ် - ဝက်စ်ဟမ်း(၁၇)<br>(D,W,W,W,L) (W,D,L,L,W) | ပဲလေ့စ် ၀-၂ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၀-၂ ပဲလေ့စ် |

# အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ပြင်ဦးလွင် ဧပြီ ၁၉**

မြန်မာသက္ကရာဇ် ၁၃၈၈ ခု၊ မြန်မာနှစ်ဆန်း ၁ရက် ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)ရှိ သံဃသာမဂ္ဂီမဟာ သိမ်တော်ကြီး၌ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့ရှိ မြို့မိ၊ မြို့ဖအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စုစုပေါင်း အင်အား ၇၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ တက်ရောက်လာသူများမှ အသက်(၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ တက်ရောက်လာသည့် အဘိုး၊ အဘွားများ (ကိုယ်စား) အဘိုး တစ်ဦးနှင့် အဘွား တစ်ဦးတို့က ဆုတောင်းမေတ္တာပို့သခြင်း၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက အဘိုး၊ အဘွားများအား ဂါရဝပြုအလှူငွေများနှင့် ပစ္စည်းများအား အသီးသီးပေးအပ်လှူဒါန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသက် (၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ အဘိုး ၁၆၉ ဦး၊ အဘွား ၃၄၇ ဦး၊ စုစုပေါင်း ၅၁၆ ဦးခန့် တက်ရောက်ခဲ့ပြီး အဘိုး တစ်ဦးလျှင် ပုဆိုး တစ်ထည်၊ တဘက် တစ်ထည်နှင့် အလှူငွေ ၊ အဘွား တစ်ဦးလျှင် လုံချည် တစ်ထည်၊ တဘက် တစ်ထည်နှင့် အလှူငွေတို့အား အသီးသီးကန်တော့ခံခဲ့ပြီး တက်ရောက်လာသည့် အဘိုး၊ အဘွားများနှင့် ဧည့်သည်များအား နတ်သုဒ္ဓါထမင်းဘူးများဖြင့် ပေးအပ် လှူဒါန်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။(ဝဲပုံ) **ခရိုင်ပြန်/ဆက်**



# အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**ပုဗ္ဗသီရိ ဧပြီ ၁၉**

၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို ဧပြီ ၁၈ ရက် ညနေပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပုဗ္ဗသီရိမြို့နယ် မရှိခဏကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်သည်။

ရှေးဦးစွာ မရှိခဏကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခာစာရထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအတွက် အလှူငွေများနှင့် ကန်တော့ခံပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက နှစ်သစ်ဆုတောင်းမေတ္တာစကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မြို့သစ် ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်လှကြည်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား လိုအပ်သည့်အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



# မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းသရုပ်ပြပွဲကျင်းပ

**မန္တလေး ဧပြီ ၁၉**

မီးသတ်ဦးစီးဌာနနှင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း(ဇီးပင်ကြီး)တွင် ကျင်းပသည်။

သရုပ်ပြပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုစကားပြောကြားခဲ့သည်။ သရုပ်ပြပွဲသို့ ဗဟိုမီးသတ်သင်တန်း ကျောင်းကျောင်းအုပ်ကြီး ဦးအောင် ဝင်းစိန်နှင့် နည်းပြအရာရှိများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ တင်တင်လေး၊ အချိန်ပြည့်အလုပ် အမှုဆောင်ပါမောက္ခဒေါက်တာ ရီရီတင်၊ ပါမောက္ခဒေါက်တာ ခင်မောင်လှိုင်၊ပါမောက္ခဒေါက်တာ မာလာဝင်း၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ဒုတိယတန်း)နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သင်တန်းကို မတ် ၁၆ရက်မှ ဧပြီ ၁၀ရက်အထိဖွင့်လှစ်ခဲ့ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရောဝတီ၊ မွန်ပြည်နယ်တို့မှ ကြက်ခြေနီဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင် ၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

# မြန်မာ့ပရဆေးကုန်ကြမ်းများ ဈေးကွက်ဝယ်လိုအား ကောင်းမွန်လျက်ရှိ

**မန္တလေး ဧပြီ ၁၉**

ပြည်ပဈေးကွက်တွင် မြန်မာ့ပရဆေး ကုန်ကြမ်းများမှာ သဘာဝအလျောက် ပေါက်ရောက်သည့် ဓာတုကင်းစင်မှုကြောင့် အရည်အသွေးမြင့်ကုန်ကြမ်းများအဖြစ် လက်ခံအသုံးပြုလျက်ရှိပြီး ဝယ်ယူမှုကောင်းမွန်လျက်ရှိသည်။



ဈေးကွက်တွင် အထူးဝယ်လိုအားရှိသော ပရဆေးကုန်ကြမ်းများတွင် ဆီးသီးခြောက်၊ ဆီးဆန်၊ နေလှည့်စေ့၊ မာလာဥ၊ ဝဥခြောက်၊ နနွင်း၊ ချင်းခြောက်၊ စမုံနက်၊ ဖန်ခါးသီးခြောက်နှင့် ကြောင်လျှာစေ့ စသည့် အမယ်မျိုးစုံ ပါဝင်နေကြောင်း သိရသည်။

ထိုကုန်ကြမ်းများကို တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အာဟာရဖြည့်စွက်စာများ၊ အလှကုန်ပစ္စည်းများနှင့် ဟင်းခတ်အမွှေးအကြိုင် ထုတ်လုပ်ရေးများတွင် အသုံးပြုလျက်ရှိပြီး ဈေးကွက်တိုးတက်မှုနှင့်အတူ ကမ်းလှမ်းမှုများလည်း တိုးလာနေသည်။

အထူးသဖြင့် ဆီးဆန်နှင့် ဝဥခြောက်တို့မှာ တန်ဖိုးမြင့်ကုန်ကြမ်းများအဖြစ် ရပ်တည်နေပြီး နေလှည့်စေ့နှင့် နနွင်းတို့ကိုလည်း ပြည်ပဝယ်လက်များက စိတ်ဝင်စားမှုများစွာဖြင့် ဝယ်ယူလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုကြောင့် ဆေးဖက်ဝင်အပင်များ သဘာဝအလျောက် ပေါက်ရောက်နေပြီး ပရဆေးကုန်ကြမ်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ဆက်လက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ) (မန္တလေးနေ့စဉ်-စ)**

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

**ကျိုင်းတုံ ဧပြီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မွမ်းမံ) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံဂိုဏ်းအုပ် ကက်သလစ်သာသနာကျောင်းတိုက် တွင် ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း အမျိုးသား၊ အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ မူကြိုပညာရပ်ဖြင့် အိုးမကွာ၊ အိမ်မကွာ မိမိအိမ်၌ပင် မူကြိုကျောင်း ဖွင့်လှစ်နိုင်ရန်၊ ရင်သွေးငယ်များကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ နည်းလမ်းများဖြင့် နည်းစနစ်မှန်ကန်စွာ ပြုစုပေးနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး တက်ရောက်ပြီး ဧပြီ ၇ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၄၅၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်း ၄၅၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားစိုက်ဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၅၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားစိုက်ဧကထက် ကျော်လွန် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် နွေသီးနှံရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေဖို့ အတွက် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲ့ဒီ နှမ်းစိုက်ပျိုးခြင်းကို ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၄၅၂၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝတဲ့ သီးနှံများ ထွက်ရှိရေး ဒေသခံတောင်သူတွေကို မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်ဧကတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြဖို့၊ GAP နည်းစနစ်များနဲ့အညီ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေး သွင်းအားစုတွေ အချိန်ကိုက် စနစ်တကျသုံးစွဲကြဖို့၊ ပိုးမွှား မကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းကြဖို့ စတဲ့တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးနှင့် အရည်အသွေးပြည့်ဝသော သီးနှံများထွက်ရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်အောင်၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင်၊ သဘာဝမြေဩဇာနှင့် သဘာဝဆေးများ စနစ်တကျ ထုတ်လုပ်သုံးစွဲတတ်အောင် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးကွင်းသရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စပ်ဆက်ဌာနများနှင့် ပူးပေါင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နှမ်းကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

(အောက်ပုံ)

(၄၄၅)



## လယ်သီးထပ်စိုက်ပျိုးသော နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ချစေရန် အတွက် လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် စိုက်ပျိုးသော နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် ရေဆင်း(-၁) နေကြာမျိုး သုံးဧကစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရာမှာ မြို့နယ်စိုက်ပျိုးရေးပညာရှင်များက မြေယာပြုပြင်ခြင်းနဲ့ စိုက်နည်းစနစ်မှန်ကန်ဖို့ နည်းပညာများ ပံ့ပိုးကူညီပေးပါတယ်။ အခုအခါ နေကြာစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းပြီး လာမယ့်နှစ်မှာ တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်"ဟု တပ်ကုန်းကျေးရွာမှ နေကြာစိုက်တောင်သူဦးမင်းနိုင်က ပြောသည်။ (ဝဲပုံ)

အဆိုပါ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာမျိုးများဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် မုန်ညင်းစေ့ စုစုပေါင်းဧက ၃၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)





## မြို့လယ်လမ်းမကြီးများနှင့် ရပ်ကွက်အလိုက် လမ်းအလိုက် အန္တရာယ်ကင်းပရိတ်ရွတ်ပတ်ခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်ဖြစ်သည့် ဧပြီ ၁၇ ရက် ညနေပိုင်းတွင် မြို့နယ်သံဃနာယက အဖွဲ့ဆရာတော်ကြီးများ၏ စီစဉ်မှုဖြင့် မြို့လယ်လမ်းမကြီးများတစ်လျှောက်တွင် မော်တော်ယာဉ်ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး၊ ရပ်ကွက်များတွင်လည်း ရပ်ကွက်အလိုက်လည်းကောင်း၊ လမ်းအလိုက်လည်းကောင်း သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်သာသနာရေးဦးစီးဌာနတို့မှ မော်တော်ယာဉ်များ စီစဉ်ပေးခဲ့ကြပြီး၊ စိတ္တပါလ ဂူကျောင်းစာသင်တိုက်ကြီးမှ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တလာဘဦးဆောင်သည့် သံဃာတော်အရှင်သူမြတ်ငါးပါးတို့သည် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းမကြီးမှစတင်၍ မြို့လမ်းလမ်းမကြီးဖြစ်သည့် ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီး၊ ထိုမှတစ်ဆင့် အနောက်မြို့ပတ်လမ်းနှင့် အရှေ့မြို့ပတ်လမ်းတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။ ထို့အပြင် ရပ်ကွက် ၁၂ ရပ်ကွက်တွင်လည်း ရပ်ကွက်အလိုက် သံဃာတော်များ လိုက်ပါ၍ မော်တော်ယာဉ်ဖြင့် ပရိတ်တရားတော်များ လှည့်လည်ရွတ်ဆိုခဲ့ကြပြီး၊ လမ်းများတွင်လည်း လမ်းအလိုက် လမ်းနေမိသားစုများစုပေါင်း၍ သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

(၄၅၆)

## ရိုးရာမပျက်မနဲ့လေးနတ်ကနားပွဲ ကျင်းပ

**မန္တလေး ဧပြီ ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၅၃၄) မုန့်တီစုရပ်တွင် ယမန်နေ့နံနက်ပိုင်းက ရိုးရာမပျက် မနဲ့လေးနတ်ကနားပွဲကို အဆိုပါမနဲ့လေး နတ်စင်ရှိရာ မဏ္ဍပ်တွင်ကျင်းပခဲ့သည်။ ရှေးဦးစွာ နတ်စင်ရှိ မနဲ့လေးအား အစားအစာများဖြင့် ပူဇော်ကြပြီး လေးပြင်လေးရပ်ရှိ ကလေးများအား နံနက်စာထမင်းနှင့် ဟင်းများအား ကျွေးမွေးကြ၍ စေတနာရှင်များက ကလေးများအား ပိုက်ဆံနှင့် အစားအစာမုန့်များ ပေးဝေကြသည်။



ထို့နောက် နတ်ကနားစီးများက မနဲ့လေးအပါအဝင် နတ်များကို ပင့်ဖိတ်ကြပြီး နတ်ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။ အဆိုပါနတ်ကနားပွဲမှာ နှစ်စဉ်နှစ်ဆန်းတစ်ရက်၌ တစ်ရက်တည်းသာ ကျင်းပသော ရိုးရာမပျက်မနဲ့လေး နတ်ကနားပွဲဖြစ်ပြီး ညနေပိုင်းတွင် နတ်ကနားပွဲကျင်းပပြီးစီးသွားကြောင်း ရပ်ကွက်နေထိုင်သူတစ်ဦးထံမှ သိရသည်။ (ဝဲပုံ) (၀၅၃)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## မှန်ကူသီး

မှန်ကူသီးဟာ ရောဂါအတော်များများကို ပျောက်ကင်းစေပါတယ်။

မှိုနဲ့ ပိုးမွှားများ ကျရောက်တဲ့ရောဂါများကို ကာကွယ်နိုင်ခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ခြင်း၊ အနာကျက်စေခြင်း၊ နှလုံးရောဂါကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းခြင်း၊ အဖုအကျိတ်များဖြစ်ပေါ်မှုကို ကာကွယ်ပေးနိုင်ခြင်း စသည့် ကျန်းမာရေးအတွက် အကျိုးပြုပါတယ်။

သဘာဝအရ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်နေတဲ့ မှန်ကူအရွက်နဲ့ အသီးကို အစားအသောက်ကြာရှည်ခံလုပ်ငန်းများနဲ့ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှာ အသုံးပြုကြပါတယ်။

အသီးမှာ စွမ်းအားပြည့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဘက်တီးရီးယားရောဂါများကို ဆန့်ကျင်နိုင်တဲ့အစွမ်းသတ္တိ၊ အပင်မှာကျရောက်တဲ့ ရောဂါပိုးမွှားတွေကို ကာကွယ်ရန် အပင်ကထုတ်လုပ်တဲ့ အပင်ဓာတ်ပေါင်းများနဲ့ ဓာတ်သတ္တုများ ပါဝင်နေပါတယ်။

မှန်ကူသီးက ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့နည်းသွားစေပြီး အဖုအကျိတ်ကြီးထွားမှုကို နှေးသွားစေတယ်၊ ရပ်တန့်သွားစေတယ်လို့ ဆိုပါတယ်။



## ကတွတ်သီး

ကတွတ်သီးမှာ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်လို့ အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

နှလုံးရောဂါခံစားရမှုကို လျော့နည်းစေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပါတယ်။ ဆီးချိုရောဂါအတွက် စားသုံးသင့်ပါတယ်။

ကတွတ်သီးမှာ ကယ်လ်စီယမ်နဲ့ ပိုတက်စီယမ် များများပါတဲ့အတွက် အရိုးသိပ်သည်းဆ များစေပါတယ်။ အရိုးများကို ပိုခိုင်မာစေပါတယ်။ အရိုးပါးခြင်းမဖြစ်စေရန် ကာကွယ်ပေးပါတယ်။

ကင်ဆာကို တိုက်ဖျက်ပေးနိုင်ပါတယ်။ ကတွတ်အရွက်နဲ့ အစေးက အဖုအကျိတ်ဖြစ်ပေါ်မှုကို တားဆီးပေးနိုင်ပါတယ်။

သွေးတိုးရောဂါဖြစ်စေတာက ပိုတက်စီယမ်နဲ့ ဆိုဒီယမ်စားသုံးမှု မညီမျှတဲ့အတွက် ဆိုဒီယမ် များများစားသုံးမိပြီး ပိုတက်စီယမ် လုံလောက်စွာ မစားသုံးမှုကြောင့် ဖြစ်ရတာပါ။

ကတွတ်သီးမှာ ပိုတက်စီယမ်ဓာတ်များပြီး ဆိုဒီယမ်ဓာတ် နည်းနည်းသာပါလို့ သွေးတိုးရောဂါ ရှိသူတွေအတွက် ကောင်းပါတယ်။

ကတွတ်သီးမှာ အမျှင်ဓာတ်များစွာ ပါနေတာကလည်း ပိုနေတဲ့ ဆိုဒီယမ်များကို ဖယ်ရှားပေးရာမှာ အကူအညီပေးပါတယ်။

ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပါတယ်။ အအေးမိ၊ ဖျားနာတာမျိုး အလွယ်တကူမဖြစ်စေပါဘူး။

ကတွတ်သီးက အရေပြားခြောက်သွေ့ခြင်း၊ ယားယံခြင်းတို့ကို ကာကွယ်ပေးနိုင်ပါတယ်။ အရေပြားမှာ အစိုဓာတ်ပါဝင်မှု တိုးတက်စေပြီး အရောင်ခြယ်ဆေး Melanin Pigment ဖြစ်ပေါ်မှုကိုလည်း လျော့နည်းစေပါတယ်။

**သတိပြုရန်–**

ကတွတ်သီးကို များများစားပါက ဝမ်းလျှောတတ်ပါတယ်။ ကတွတ်သီးယိုစားရင်လည်း အချိုဓာတ်ပါဝင်တာများလို့ သင့်တင့်ရုံသာစား သင့်ပါတယ်။



## မဟာကြံ့ဆစ်ပင်(နတ်ဆေးပင်)

မဟာကြံ့ဆစ်ပင်ကို ဒေသအလိုက် အဆိပ်ဖြေပင်၊ မြွေမင်းပင်၊ မြွေဟောက်ပါးပျဉ်းပင်၊ နဂါးမြီးပင်၊ နတ်ဆေးပင်ဟု အမျိုးမျိုးခေါ်ဝေါ်ကြပါတယ်။

လေးဖက်နာရောဂါ၊ ခြေဆစ်လက်ဆစ်တွေနာကျင်ကိုက်ခဲသော ရောဂါများဖြစ်ပါက မဟာကြံ့ဆစ်ပင်အရွက်ကို ထုထောင်း၍ အရည်ညှစ်ကာလိမ်းပေးပြီး အဖတ်များကို အုံထားပေးပါက ပျောက်ကင်းပါတယ်။ ညအိပ်ရာဝင်ခါနီးတွင် အဝတ်ဖြင့် စည်းထားပေးပါက ပိုကောင်းပါတယ်။

ဒူးနာ၍ လမ်းမလျှောက်နိုင်ပါက အရွက်နဲ့ အရိုးတို့ကို ထုထောင်းပြီး အဝတ်ဖြင့် စည်း၍ အုံထားပေးပါက ပျောက်ကင်းပါတယ်။

ရင်ကြပ်၊ ချောင်းဆိုးနှင့် အဆုတ်ရောဂါများကိုလည်းကောင်း၊ ကျောက်ကပ်ရောဂါ၊ အသားဝါရောဂါ၊ အသည်းရောဂါ၊ ဆီးချုပ်ခြင်း၊ ဆီးကျင်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးဝါခြင်း စသော ဆီးနဲ့ ပတ်သက်သောရောဂါများကိုလည်းကောင်း၊ ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်း စသော ဝမ်းရောဂါများကိုလည်းကောင်း၊ အသည်းကြောင့် ခန္ဓာကိုယ်ဖောရောင်ခြင်းကိုလည်းကောင်း ခံစားနေရပါက မဟာကြံ့ဆစ်ရွက်များကို ပြုတ်ပြီး သောက်ပေးပါက ပျောက်ကင်းပါတယ်။

အနာစိမ်း၊ ယားနာ၊ ခူနာနဲ့ ထိခိုက်ဒဏ်ရာ အနာမှန်သမျှကို မဟာကြံ့ဆစ်ပင်၏အရွက်ကို ထုထောင်းပြီး အနာပေါ်တွင် အုံထားပေးပါက ပြည်ပေါက်၍ အသားနုတက်ကာ ပျောက်ကင်းစေပါတယ်။ ရောင်ရမ်းပြီး ပြည်တည်၍ ခွဲထုတ်ပစ်ရမည့် အနာများကိုလည်း ၄င်းအရွက်ကို ထုထောင်းပြီး အုံပေးပါက ပျောက်ကင်းပါတယ်။

ငါးရိုးစူးခြင်း၊ ကင်းကိုက်ခြင်း၊ ပျားတုပ်ခြင်း၊ ပုရွက်ဆိတ်အနီကိုက်ခြင်း၊ ခွေးကိုက်ခြင်း၊ သံစူးခြင်း၊ ဓားရှခြင်းကဲ့သို့သော ထိခိုက်ရှနာများနှင့် အဆိပ်ဖြစ်စေတတ်သော ဒဏ်ရာမှန်သမျှကိုလည်း မဟာကြံ့ဆစ်ပင်၏အရွက်ကို အရည်ညှစ်၍ လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ဆီပူလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းများဖြစ်လျှင်လည်း အရွက်ကို ထုထောင်း၍ အုံပေးခြင်းဖြင့် ပျောက်ကင်းပါတယ်။

သွားကိုက်၊ သွားနာဖြစ်ရင်လည်း မဟာကြံ့ဆစ်အရွက်ကို ညှစ်ပြီး အဖတ်များကို ကိုက်နေသောနေရာ၌ အုံထားပေးရင် ပျောက်ကင်းပါတယ်။

မဟာကြံ့ဆစ်အရွက်ပြုတ်ရည်ကို သောက်ပါက မောပန်းမှုနဲ့ နာကျင်မှုဝေဒနာများ ပျောက်ကင်း၍ ကိုယ်ခန္ဓာပေါ့ပါးသွက်လာလာပါလိမ့်မယ်။



## တစောင်းခါး

အပင်ကသေးငယ်ပြီး ချုံအရွယ်လေးဖြစ်ပါတယ်။ အရည်ရွှမ်းတဲ့ Catus မျိုးနွယ်မှာ ပါဝင်ပါတယ်။ ထောင်မတ်နေတဲ့ ထောင့်လေးထောင့်ပါတဲ့ ပင်စည်နဲ့ ကိုင်းများပါရှိပြီး သေးငယ်တဲ့ အရွက်လေးများကတော့ ကိုင်းနုလေးများမှာ ရှိနေပါတယ်။ အရွက်လေးများက သိပ်မကြာခင် ကြွေကျပြီး အပင်ကိုင်းသာ ကျန်ခဲ့ပါတယ်။ ပန်းပွင့်မှာ ၁လက်မ (၂ ဒသမ ၅ စင်တီမီတာ) အရွယ်ရှိပြီး စက်ဝိုင်းပုံ၊ ဘီးပုံရှိပါတယ်။ အများအားဖြင့် နွေရာသီမှာ ပန်းပွင့်ကြပါတယ်။ ပန်းပွင့်တွေက ကိုင်းဖျားတွေမှာ နှစ်ပွင့်၊ သုံးပွင့် ပွင့်ကြပါတယ်။ ပွင့်ချပ်လေးတွေက သေးသေးမျှင်မျှင်လေးဖြစ်ပြီး မရမ်းရောင်၊ အဝါရောင်အမှတ်များ ပါရှိကာ အနားတစ်လျှောက်မှာ အမွေးအမျှင်လေးများလည်း ပါရှိပါတယ်။ အသီးက တိုင်လုံးပုံစံရှိပြီး အစိမ်းရောင်ပေါ်မှာ မရမ်းရောင်အစင်းကြောင်းများ ပါဝင်ပါတယ်။ အသီးက ၅ လက်မ(၁၂ ဒသမ ၅ စင်တီမီတာ)အထိ ရှည်ပါတယ်။

တစောင်းခါးက ခန္ဓာကိုယ်ခုခံနိုင်စွမ်းအားကို ကောင်းစေခြင်း၊ ကိုယ်အလေးချိန်လျော့နည်းစေခြင်းနဲ့ ရေငတ်ဒဏ်ခံနိုင်ရည်ရှိခြင်း စသဖြင့် ကျန်းမာရေးကို အကျိုးပြုပါတယ်။

ဟင်းသီးဟင်းရွက်လိုပဲ အစိမ်းအတိုင်းလည်း စားပါတယ်။ ပြုတ်ပြီး၊ ကြော်ပြီးလည်းစားကြပါတယ်။

Anti-obesity အလွန်ဝဖြိုးမှုဖြစ်နေတာကို တားဆီးနိုင်ပါတယ်။ အလွန်ဝဖြိုးခြင်းက နှလုံးရောဂါနဲ့ ဆီးချိုရောဂါကို ဖြစ်ပေါ်စေပါတယ်။

တစောင်းခါးကို စားသုံးခြင်းဖြင့် အစားအစာကို လွန်ကဲစွာ မစားမိစေရန် ဟန့်တားပေးပါတယ်။ အဲ့ဒီလို စားသောက်ချင်စိတ်လျော့နည်းအောင် ဖြစ်ရခြင်းက တစောင်းခါးမှာ Pregnane Glycosides ပါဝင်နေလို့ဖြစ်တာလို့ ယူဆကြပါတယ်။

အဲ့ဒီဓာတ်ပစ္စည်းက အဆီပြုလုပ်တဲ့လုပ်ငန်းမှာ ပါဝင်နေတဲ့ အင်ဇိုင်းတချို့ကို ဟန့်တားပေးလို့ အဆီဖြစ်မှုကို လျော့နည်းစေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်နဲ့ အကျိုးပြုပါတယ်။ ကင်ဆာဖြစ်ပေါ်မှုကို ဆန့်ကျင်စေတဲ့ အကျိုးပြုမှုကိုလည်း ဖြစ်စေပါတယ်။

တစောင်းခါးပင်မှာ အင်န်တီအောက်ဆီးဒင့်များနဲ့ Polyphenols, Flavonoids နဲ့ Megastigmane Glucosides စတဲ့ ရောင်ရမ်းတာကို ကျစေတဲ့ ပစ္စည်းများ ပါဝင်ပါတယ်။

**သတိပြုရန်**

အများကြီးစားမိရင် ဝမ်းဗိုက်နာတတ်ပါတယ်။ ဝမ်းချုပ်ပြီး အစာအိမ်နဲ့အူလမ်းကြောင်းကိုလည်း အနှောင့်အယှက်ပေးနိုင်ပါတယ်။



## မက်လင်ချဉ်သီး

မက်လင်ချဉ်သီးမှာ မျိုးနှစ်မျိုးရှိပါတယ်။ Garcinia Cambogia မျိုးက ကချင်ပြည်နယ်မှာ ပေါများစွာ တွေ့ရပါတယ်။ အသီးပေါ်မှာ ဖရုံသီး အငယ်ပုံစံ ဖောင်းအဝိုက်များ ပါရှိပါတယ်။

နောက်တစ်မျိုး Garcinia Pedunculata မျိုးကတော့ အဝိုက်တွေ မပါဘဲ လုံးချောဖြစ်ပါတယ်။

အပင်က အမြဲစိမ်းတဲ့ အပင်ကြီးဖြစ်ပါတယ်။ ကြီးမားပြောင်လက်နေတဲ့ အရွက်များရှိပါတယ်။ အဖိုပွင့်များက စိမ်းဝါရောင်ရှိပါတယ်။ အမပွင့်က တစ်ပွင့်ထီးထီးသာ ဖြစ်ပါတယ်။

အဆီတွေကျစေရန်နဲ့ ခန္ဓာကိုယ်အလေးချိန်ကျစေရန်အတွက် အကူအညီပေးပါတယ်။

အသီးမှာ အရည်ရွှမ်းပြီး အတွင်းသားမှာ Hydroxycitric Acid (HCA) ဓာတ်များ ကြွယ်ဝစွာ ပါဝင်နေတဲ့အတွက် ခန္ဓာကိုယ်အတွင်းမှ အဆီဖြစ်ပေါ်စေတဲ့ အင်ဇိုင်းကို တားဆီးပေးပါတယ်။ Glycogen ပုံစံအနေနဲ့သာ သိမ်းဆည်းနိုင်အောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့် အဆီပိုများ ဖြစ်မလာတော့ပါ။

Serotonin ဓာတ်ကိုလည်း များစေတဲ့အတွက် အစာမကြေ၊ ရင်ခံခြင်းကို ဖြစ်စေကာ အစာစားချင်စိတ်ကို လျော့နည်းစေပါတယ်။

အသည်းအဆီဖုံးရောဂါ၊ အသည်းကြီးရောဂါ၊ အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ စတဲ့ အသည်းနဲ့ သက်ဆိုင်တဲ့ ရောဂါများကို ပျောက်ကင်းစေနိုင်တဲ့ အာနိသင်ရှိပါတယ်။

HCA ပါဝင်နေတာက ဦးနှောက်မှ Serotonin ဓာတ်ကို တိုးတက်စေပါတယ်။ Serotonin က ဦးနှောက်ကို လှုံ့ဆော်ပေးနေတဲ့ Signaling Molecules ဖြစ်ပါတယ်။ Serotonin က စိတ်ခံစားချက်တွေပေါ် သက်ရောက်မှုရှိတဲ့ ဟော်မုန်းတစ်မျိုးဖြစ်ပြီး Neurotransmitter လည်းဖြစ် ပါတယ်။

စိတ်ဓာတ်ကျတာနဲ့ စိုးရိမ်စိတ်ဖြစ်ပေါ်တာတွေ ခံစားလာရတာက Serotonin ဟော်မုန်း ပမာဏ ကျဆင်းလာလို့ ဖြစ်ပါတယ်။

မက်လင်ချဉ်သီးမှာ HCA ပါဝင်နေတာက ဦးနှောက်မှ Serotonin ဓာတ်ကို တိုးတက်စေပါတယ်။

သဘာဝအတိုင်း အဆီချပေးတဲ့ မက်လင်ချဉ်သီးကို အနည်းငယ်သာ စားသုံးသင့်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

# မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မိုးညှင်း ဧပြီ ၁၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဟဲလုံခေတ်မီစံပြကျေးရွာရှိ သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က လေထုညစ်ညမ်းရသည့် အကြောင်းအရင်းများ၊ လေထုညစ်ညမ်းခြင်းမှ ကာကွယ်ရမည့် နည်းလမ်းများနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးခြင်းများ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေသြဇာပြုလုပ်ခြင်းဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးနည်းများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြစ်သည့် ဦးစီးအရာရှိ(အင်/ယာ) ဒေါ်ဝင်းသီရိကျော်က 'အိမ်တွင်းလေထုညစ်ညမ်းမှုလျော့နည်းစေရန် အသိပညာပေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ(အင်/ယာ) ဒေါ်ယဉ်ယဉ်ဆွေက 'ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေး' ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝါပွိုင့်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်း၍ ရွာလမ်းမရိုးတစ်လျှောက် လမ်းဘေးဝဲ၊ယာရှိ စွန့်ပစ်အမှိုက်များနှင့် နေအိမ်များအတွင်းရှိ အမှိုက်များကို ကောက်ယူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ရွှေမိုးညှင်း**

* – * – * – * – * – *

# အိမ်တွင်းဆေးနည်းများအကြောင်း အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နွေရာသီတွင် ဖြစ်တတ်သောရောဂါများအကြောင်းနှင့် အိမ်တွင်းဆေးနည်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲ (Talk Show) တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် တိုင်းရင်းဆေးဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မေဦးတို့က ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးလျှင် ပြတတ်သည့် လက္ခဏာများအကြောင်း၊ ခေါင်းအုံ၊ခေါင်းကိုက်ခြင်းအကြောင်း၊ မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းအကြောင်း၊ ဆီးပူ၊ဆီးအောင့်ခြင်းဖြစ်လျှင် ပြုလုပ်ရမည့် အိမ်တွင်းဆေးနည်းများ အကြောင်းနှင့် ဆောင်ရန်၊ရှောင်ရန်အချက်အများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။




အဆိုပါ နွေရာသီတွင်ဖြစ်တတ်သောရောဂါများအကြောင်းနှင့် အိမ်တွင်းဆေးနည်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

# ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြော



**ပျော်ဘွယ် ဧပြီ ၁၉**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်လူရွယ်များ သိရှိစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောခြင်း၊ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်၊စာစောင်ပြသခြင်းနှင့် စာပေဖတ်ရှုစေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ခင်ကြီးယကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက လူငယ်လူရွယ်များ သိရှိစေရန် ကလေးအလုပ်သမား ဖြစ်လာရခြင်း၏ အကြောင်းအရင်းများ၊ ကလေးအလုပ်သမားတို့၏ ဆိုးကျိုးများ၊ ကလေးအလုပ်သမား မဖြစ်စေရေး ပညာသင်ကြားရန်နှင့် မိမိတို့ကိုယ်တိုင် ကြိုးစားရမည့် နည်းလမ်းများကို လူငယ်များ နားလည်မှု လွယ်ကူစေရန် အပြန်အလှန် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်၊ စာစောင်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ့

# သုံးပန်လှတံတား

* ဝသန်ရာသီ
ရောမြစ်မင်း စီးဝင်အင်းပေါ့
မြင်ကွင်းအင်းလယ် ဦးမော့သွယ်ကူး
ကြံရွယ်ဉာဏ်မြူး အံ့ဖွယ်ထူးစွ
ဦးပိန်စီမံ တောင်သမန်အင်း
တံတားတစ်စင်း တည်ဆောက်ခြင်းစ
"အင်းကအော်အာ" တည်ဆောက်ကာလ
မကြာ(၂)နှစ် တံတားသစ်ကို
ဖွင့်လှစ်လျှောက်သွား လွန်ရှည်လျားဘိ
စိုက်ထားကျွန်းတိုင် ခိုင်မာမြိုင်ဆိုင်
တစ်မိုင်လောက်ပေါက် ရှေ့နောက်လျှောက်သော်
တစ်ထောက်ခိုနား ဇရပ်များနှင့်
ဝင့်ကြွားဖွဲ့တည် ခြယ်ပန်းချီကား
မိုထောင်ထားသို့ ဘဝင်ညှို့ယူ
မှိုမှိုပေါ်လွင် ရေပြင်ထင်ရိပ်
မြင်ခွင့်ခိုက်ကြုံ လေညင်းသုန်သုန်
မှိုင်းမှုန်ပျပျ ရှုကြည့်မဝ
အင်းဝအမွေ။
* အမွေဆက်ခံ
တောင်သမန်က တံတားတိုင်များ
လွန်စွာများဘိ ခြားနားသိစေ
သေချာရေတွက် အဖြေထွက်တဲ့
"ထောင့်ရှစ်ဆယ့်ခြောက်" အံ့ဘွဲ့ထူးချီ
မြိုင်ဆိုင်စီရီ မပီဝိုးဝါး
နှင်းမှုန်ကြားဝယ် မြင့်မားရပ်တည်
ဆောင်းပန်းချီ ။
* အင်းဝအမွေ
နွေရောက်လေတော့ ခြေတံကရှည်
မှိုင်းရစ်ဝေဝေ မြူတွေကကြွ
ယာတောအလှ စိမ်းမြဝန်းရံ
တောင်သမန်ရဲ့ ဂိမှာန်သရုပ်
ရွှေဘုတ်မြူးအိ သည်ရာသီဝယ်
မည်စည်ပင်ရိပ် ရွက်ဖြာစိပ်စိပ်
အေးရိပ်စိုစို မွှေးပျံ့ပိုမို
နွေကိုကြို ။
* ခါနွေ မိုး ဆောင်း
ရာသီပြောင်းသော် ဆောင်းရောက်နှင်းမှုန်
နွေမြူမှုန်ကဲ ပြန်ဆုံမိုးရောက်
အင်းရေမောက်သော် တည်ဆောက်တံတား
ခံ့ခံ့ညားညား ထင်ရှားပေါ်လွင်
ရေပြင်မြင်မြဲ ဝင်ဆဲဆည်းဆာ
နေခြည်ဖြာနှင့် သဘာဝကျ
သုံးပန်လှတံတား ။ ။

ဝင်းမောင်(မန်း)

# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း(၄၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး မေ ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၄၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ကဆုန်လဆန်း ၁ရက် နံနက် ၅နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ အသားတု၊ မြေပဲ၊ ကြက်သွန်နီကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၂ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၂၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခ)မိသားစု၊ လစဉ် ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်)မိသားစုများ၊ ဦးအောင်သန်းလှိုင် + ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦးအမျိုးသမီးအဆောင်)မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ဒေါ်မေသဇင်ဦးမိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း(Unit Solar)မိသားစု၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ဝ၄ဝ)

*—*—*—*—*—*



# ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မူဆယ် မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ၁၃၈၈ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်၌ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ဂါရဝပြုပူဇော်ကန်တော့ခြင်း အခမ်းအနားကို ဧပြီ ၁၈ ရက်တွင် ရွှေလီမြစ်ကမ်းရှိ ဟိုဆောင်ချောင်းသာ ကမ်းခြေနှင့် လွယ်တိန်ခမ်းဘိုးဘွားရိပ်သာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နံနက် ၁၀ နာရီတွင် ဇီဝိတဒါနငါးလွှတ်ပွဲကို ရွှေလီမြစ်ကမ်းဘေးရှိ ဟိုဆောင်ချောင်းသာကမ်းခြေ၌ ကျင်းပရာ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းမင်းနှင့် ခရိုင်ဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်ဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက စုပေါင်း၍ ငါးခူ၊ ငါးသလဲထိုး စုစုပေါင်း အကောင်ရေ ၁၅၀၀ ကောင်အား ရွှေလီမြစ်အတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ခြင်း အခမ်းအနားကို လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာတွင် ကျင်းပရာ မူဆယ်မြို့မှ သက်ကြီးဘိုးဘွား ၂၆၈ ဦးအား ဂါရဝပြုလှူဒါန်းငွေ ငွေကျပ် ၆၂၆၆၀၀၀ တိတိနှင့် အလှူပစ္စည်းများကို အဘိုးအဘွားများထံ လက်ရောက်လှူဒါန်းခဲ့ကြပြီး အဘိုး ဦးစိုင်းမောင်လှနှင့် အဘွား ဒေါ်အယ်လ်ခေါ်နန်းတို့က ကျေးဇူးတင်ဆုတောင်း မေတ္တာစကားပြန်လည် ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်ဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် မြို့နယ်ဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*—*—*—*—*—*

# မောရိယဓမ္မရိပ်သာတွင် (၄၃)ကြိမ်မြောက် နေ့ည အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ မောရိယဓမ္မရိပ်သာတွင် ဧပြီ ၁၆ရက် နံနက်ပိုင်းက မောရိယတိုင်းရင်းဆေးဝါထုတ်လုပ်ရေးမိသားစုနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ၏ (၄၃)ကြိမ်မြောက် နေ့ညအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပြုလုပ်ရာ သံဃာတော် အရှင်သူမြတ်များ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင် (မောရိယတိုင်းရင်းဆေးထုတ်လုပ်ရေး)မောရိယမိသားစုနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားအလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ဓမ္မာရုံစံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူခဲ့ကြပြီး သံဃာတော်အရှင်မြတ်တို့က မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ ရွတ်ဆိုပူဇော်၍ အလှည့်ကျဘာဏကဆရာတော် အရှင်သူမြတ်များက ရွတ်ဖတ်ပူဇော်ကြသည်။

(၄၃)ကြိမ်မြောက် နေ့ညအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ဧပြီ ၁၆ ရက်မှ ၂၂ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ကျော်မင်းသော်)**





# ဘင်ခရာအသင်း ဖွံ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**မိုင်းဖြတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ကျောင်းဘင်ခရာအသင်း ဖွံ့စည်းနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း၊ ရွှေလီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အလှူရှင် ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင်နာယက သုခမ္မမဏိဇောတာရေ ဦးထွန်းရွှေက အလှူငွေများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဘင်ခရာအသင်း ဖွံ့စည်းနိုင်ရေးအတွက် အလှူရှင် ကျောင်းအကျိုးတော်ဆောင် ဂုဏ်ထူးဆောင်နာယက သုခမ္မမဏိဇောတာရေ ဦးထွန်းရွှေက ငွေကျပ်သိန်း ၁၂၀ အားလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နေဝင်းထွန်းနှင့် ဇနီးမိသားစုကလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးကလည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းရီတစ်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*—*—*—*—*—*

# နွားဘေးမဲ့ အလှူခံမဏ္ဍပ်မှ စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံ

**မန္တလေး မေ ၁၉**

မန္တလေး၊ တောင်စလင်တိုက်သစ်၊ ဘာဝနာဌာန ၆၂လမ်းနှင့် ၃၃လမ်းနှင့် ၃၂လမ်းအကြားရှိ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး နွားဘေးမဲ့ အလှူခံမဏ္ဍပ်တွင် သင်္ကြန်တော်ကာလဖြစ်သည့် ၁၂ရက်၊ အကြိုနေ့အပါအဝင် သင်္ကြန်အကျနေ့ အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့အထိ ၅ ရက်တိုင်တိုင် အလှူရှင် အသီးသီးတို့က လာရောက်လှူဒါန်းမှုဖြင့် ရေပက်ခံလာသူတို့အား စတုဒိသာအဖြစ် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ဖျော်ရည်နှင့် သစ်သီးစုံတို့အား အလှည့်ကျ ကျွေးမွေးကုသိုလ်ပြုခဲ့သည်။

တစ်နှစ်တစ်ကြိမ်အဖြစ် တိရစ္ဆာန်တို့အတွက် လိုအပ်နေသည့် အစာအဟာရအလှူရှင်နှင့် စတုဒိသာကျွေးကုသိုလ်ရှင်တို့အား(မန္တလေး)ရုံးချုပ် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းမှ ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ပြုခဲ့ကြောင်း ဥက္ကဋ္ဌဦးလှဝင်းထံက သိရသည်။

(အောက်ပုံ)

(ကဆ)

*—*—*—*—*—*



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၄/၁၃၇-၁၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အုန်းကြင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၄၄ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုးတစ်ထပ် အဆောက်အအုံ၊ (ရေ+မီး)မီတာ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်အေး(ဘ)ဦးဖေသိန်း(၉/မနမ(နိုင်)၀၉၆၅၉၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၁၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းစိန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နှယ်ရွှေခိုင်(ဘ)ဦးမောင်မောင်(၉/စကန(နိုင်)၀၆၉၉၁၃)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## ပျောက်ဆုံးကြောင်း

ဒေါ်ရီရီသိန်း(ဘ)ဦးအောင်လှ နိုင်ငံသား စိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၀၀၀၀၄)ကိုင်ဆောင်သူ၏ Passport No- မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ရီရီသိန်း**

**ဖုန်း ၀၉-၄၃၀၁၄၁၈၉**

## ပျောက်ဆုံးကြောင်း

ဒေါ်သင်းသင်းလွင်(ဘ)ဦးကျော်သိန်း နိုင်ငံသား စိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၆၄၈၈၄)ကိုင်ဆောင်သူ၏ Passport No- မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်သင်းသင်းလွင်**

**ဖုန်း ၀၉-၂၀၀၃၄၇၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၅)နေ ဒေါ်ငွေး(ဘ)ဦးဆန်ပေါင်း(၁/မကတ(နိုင်)၀၆၃၁၈၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးမောင်ကို အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ တစ်ဆင့်လက်ရောက် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန်အတွက် ဂရန်အမည်ပေါက်သူ ဦးမောင်ကိုမှ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။

ထိုသို့ လာရောက်ဆက်သွယ်ခြင်းမရှိပါက အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသီတာအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(E-၄၇)၊ ၅၆(A)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၃၁၈၈၂၉၁၊ ၀၉-၆၈၆၄၂၄၁၄၃**

## မောင်ခန့်ရှုကို(၉ / ပကခ(နိုင်)၀၃၅၅၅၈)အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ တောင်ကျွန်းကျေးရွာနေ ဒေါ်ခင်မာဝင်း(ဘ)ဦးထွန်းစိန်(၉/ပကခ(နိုင်)၀၅၀၀၀၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်ခင်မာဝင်း၏ ခင်ပွန်းဖြစ်သူ ဦးအောင်ထွေးမှာ (၁၆-၁-၂၀၂၀)ရက်က ကွယ်လွန်သွားခဲ့ပါသည်။ သားဖြစ်သူ မောင်ခန့်ရှုကို(၉/ပကခ(နိုင်)၀၃၅၅၅၈)သည် မိဘကို လုပ်ကျွေးပြုစုစောင့်ရှောက်ခြင်းမရှိသလို မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ကျွန်ုပ်အမှုသည်၏ ဆိုဆုံးမှုများကို နာခံခြင်းမရှိပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်ကြောင်း ကြေညာပါသည်။

၄င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးပြဿနာ၊ လူမှုရေး၊ အရှုပ်အရှင်းပြဿနာ စသည့်ကိစ္စရပ်များကို ကျွန်ုပ်၏အမှုသည်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၄င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းမပြုပါရန် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၇)၊ ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ (၀ ဒသမ ၁၂၈၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ကော်ဟွေဟင်(ဘ)ဦးကော်ချင်းဖာ(၁၃/တမည(နိုင်)၀၀၃၅၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဒုအရာခံဗိုလ်တင်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူထံမှ ဦးမြသွေးက မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၆/၂၀၀၈ ဖြင့် လွှဲအပ်ရယူထားပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်လက်ရှိဝယ်ယူပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူဖြစ်သည့် ဦးကျော်ထူး(ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)က ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း - လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်နံပါတ်(၁၁၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဘေဘီ(ဘ)ဦးရမ်ဒက်(စ်)၊ (၉/ခအဇ(နိုင်)၀၀၉၆၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် (LL.B, LL.M)** (တရားလွှတ်တော်ရှေ့နေ)

| ဒေါ်ယုသစင်အောင်(LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်နံပါတ်(၇၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ဒါဘန်ထန် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးမြကြည်မြင့်(ဘ)ဦးကြည်မြင့်(၅/မရန(နိုင်)၂၂၉၃၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် (LL.B, LL.M)** (တရားလွှတ်တော်ရှေ့နေ)

| ဒေါ်ယုသစင်အောင်(LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## မော်တော်ယာဉ်အမှတ်-5G/1657 ၊TOYOTA CROWN, 2005(BLACK)၏ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်ကို(အတု)ဖြင့် လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုနေသူသို့ သတိပေးကြေညာခြင်း

ကျွန်တော် ဦးညွန့်ဝေ(၉/မရမ(နိုင်)၀၁၉၇၀၂)သည် မော်တော်ယာဉ်အမှတ်-5G/1657၊ TOYOTA CROWN, 2005 (BLACK) ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်ပါသည်။

ကျွန်တော်တရားဝင်ပိုင်ဆိုင်သော မော်တော်ယာဉ်အမှတ်-MDY-13,5G/1657၊ TOYOTA CROWN, 2005 (BLACK) ကို မော်တော်ယာဉ်သက်သေခံလက်မှတ်(အတု)ဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်အား မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် အသုံးပြုနေကြောင်း သိရပါသည်။

ဖော်ပြပါလိုင်စင်မဲ့မော်တော်ယာဉ်သည် (၁-၄-၂၀၂၆)ရက် (၁၁း၂၇း၄၅)နာရီအချိန် ကျောက်ဆည်မြို့ **"Start Oil"** စက်သုံးဆီဆိုင်မှ 92 Ron 35.00 L ကို ထုတ်ယူခဲ့ပြီး၊ (၉-၄-၂၀၂၆)ရက် (၁၁း၁၅း၀၉)နာရီအချိန် ကျောက်ဆည်မြို့ **"Kaythioo-3"** စက်သုံးဆီဆိုင်မှ 92 Ron 20.00 L ကို ထုတ်ယူခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်တော်၏ MDY-13,5G/1657၊ TOYOTA CROWN, 2005 (BLACK) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(အတု)ကို သုံးစွဲပြီး၊ လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုနေခြင်းကို **'ရပ်ဆိုင်း-ရပ်တန့်'** ရန်နှင့် လူကြီးမင်း၏ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် 5G/1657၊ TOYOTA CROWN, 2005 (BLACK) မော်တော်ယာဉ်သက်သေခံလက်မှတ်(အတု)ကို သက်ဆိုင်ရာသို့ အလျင်-အမြန်အပ်နှံရန် သတိပေးကြေညာပါသည်။

**(အဆိုပါလိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ယာဉ်သက်သေခံလက်မှတ် 'အတု' အသုံးပြုနေသူကို ဖော်ထုတ်ဖမ်းဆီးပေးသူအား ဂါရဝပြု၍ ကျပ်-၅၀၀၀၀၀/-(ကျပ်ငါးသိန်းတိတိ) ချီးမြှင့်မည်ဖြစ်ပါသည်။)**

**ဦးညွန့်ဝေ(ဥပဒေတွဲ)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၉၀)**

အမှတ်(၇၉၈)၊ လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၀၁၄၉

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကုလားကြီးခြံကျေးရွာအတွင်းရှိ အိမ်အမှတ်(အ/၃၃၄)အမည်တွင်သော မြေကွက်အတွင်းမှ အရှေ့လားသော်-ဦးတင်ဝင်းမောင်၏ ကျန်မြေအစပ်၊ အနောက်လားသော်-လမ်းမြေအစပ်၊ တောင်လားသော်-ဦးတင်ဝင်းမောင်၏ ကျန်မြေအစပ်၊ မြောက်လားသော်-ဦးတေဇာမိုး၏ မြေအစပ် စသည့် နယ်(၄)ရပ်အတွင်းရှိ အရှေ့အနောက် ပေ(၆၀)၊ တောင်မြောက် ပေ(၈၀)အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်ဝင်းမောင် (ဘ)ဦးညဲလှ(၅/ငဇန(နိုင်)၀၄၃၆၆၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှုးယန် (ဘ)ဦးမရစ်ဥနဲဂျာ(၁/မကတ(နိုင်)၀၆၆၂၈၇)ကိုင်ဆောင်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးဝေဖြိုးအောင်(LL.B) ဦးမြတ်စိုးဦး(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၀၁)၊ ဦးပိုင်အမှတ်(၂၆-မ)၊ ဧရိယာ(၀ ဒသမ ၀၇၆၂)ဧက အကျယ်အဝန်းရှိသော ကိုကွန်းဝေ အမည်ပေါက်ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်း ခဲဝင်းပြဧရိယာ(၀ ဒသမ ၀၃၇၁)အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဌေးဌေးမြင့် (ဘ)ဦးအောင်သန်း(၉/မရမ(နိုင်)၀၆၄၁၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်နံပါတ်(၆၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသောင်းပို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဦး (ဘ)ဦးငွေဒင်(၈/ခမန(နိုင်)၁၄၂၇၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## "အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ ( ၎ ) ရပ်ကွက် ၊ ၁၂၄×၁၂၅ လမ်းကြား၊ ၄၇(ဘီ)လမ်း ၊ အကွက်အမှတ် (တတ-၃၆) ၊ ဦးပိုင်အမှတ် ( ၆၆ ) ၊ မြေဧရိယာ (၀ . ၀၂၇၅) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အရပ်ကတိစာချုပ် ၊ နိုတြီကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ **ဦးစိုင်းကျော်ထွန်း** (ဘ) ဦးဟုတ်ဆင်း [၁၃/တကန (နိုင်) ၁၂၈၇၄၈] မှ ကျွန်ုပ်၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် နေ့မှစ၍ ( ၇ ) ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**

**ဦးသန့်ဇင်လင်း** (LL.B) တရားလွှတ်တော်ရှေ့နေ

၅၃လမ်း၊ ၃၇ × ၃၇(B) လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ☎ ၀၉-၂၆၆၁၆၆၆၆၄

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၉

| | | |
|---|---|---|
| မြင်းမူ | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ



နေပြည်တော် ဧပြီ ၁၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E Mr. Anton Kobyakov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. S.E.Tsivilev တို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဧပြီ ၁၂ ရက်မှ ၁၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း နိုင်ငံအကြီးအကဲများနှင့် ဒေသဆိုင်ရာ အကြီးအကဲများ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ-ရုရှား-တရုတ် သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်လုံခြုံရေးနှင့်စွမ်းအင်ဖူလုံရေး ဆောင်ရွက်သွားမည့်အစီအမံများ ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းများ ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အနာဂတ်လေယာဉ်မှူးများအတွက် Cadet Pilot Program ကို MAI နှင့် အင်ဒိုနီးရှား Perkasa Flight School တို့ ပူးပေါင်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၉

လေကြောင်း လုပ်ငန်းကို စိတ်ဝင်စားပြီး လေယာဉ်မှူး တစ်ယောက် ဖြစ်ချင်သည့် အိပ်မက်ကို အကောင်အထည်ဖော်လိုသူများအတွက် ရည်ရွယ်၍ အနာဂတ် လေယာဉ်မှူးများအတွက် Cadet Pilot Program ကို မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI)နှင့် အင်ဒိုနီးရှားနိုင်ငံမှ Perkasa Flight School တို့ ပူးပေါင်းဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း MAI မှ သိရသည်။

စာမျက်နှာ ၅ သို့ ✧







## ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း တရုတ်နိုင်ငံသို့ ကြိုတင်ထွက်ခွာပြီး ခြေစမ်းပွဲအချို့လည်း ကစားမည်




ရန်ကုန် ဧပြီ ၁၉

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ (2026 AFC U-17 Women's Asian Cup) တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ဧပြီ ၁၈ ရက်တွင် တရုတ်နိုင်ငံသို့ ကြိုတင်ထွက်ခွာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အသင်းအဆင်ပြေမှုရှိစေရန်နှင့် ပြိုင်ပွဲကျင်းပရာ တရုတ်နိုင်ငံ၏ ရာသီဥတုနှင့် ကွင်းအနေအထားကို အသားကျစေရန်အတွက် ပြိုင်ပွဲမစတင်မီ ၁၀ ရက်ကျော် ကြိုတင်သွားရောက် လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ဂျပန်လူမျိုးနည်းပြချုပ် Ms. Kumiko Tashiro ဦးဆောင်သည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းတွင် အပြီးသတ် ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦး လိုက်ပါသွားခဲ့သည်။

ထို့အပြင် မြန်မာယူ-၁၇ အမျိုးသမီးအသင်း တရုတ်နိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း လေ့ကျင့်ရေးအစီအစဉ်များသာမက ပြိုင်ပွဲကြို ပြင်ဆင်မှုအဖြစ် ဒေသခံ အမျိုးသမီး ယူ-၁၇ အသင်း၊ ဖိလစ်ပိုင် ယူ-၁၇ အမျိုးသမီးအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားရန်လည်း စီစဉ်ထားရှိပါသည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေစဉ်ကလည်း အိန္ဒိယ ယူ-၁၇ အသင်းနှင့် နိုင်ငံတကာ ခြေစမ်းပွဲ နှစ်ပွဲအပါအဝင် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင်အသင်းများနှင့် အပတ်စဉ် ခြေစမ်းပွဲများ ကစားပြီး အသင်း၏ အားနည်းချက်၊ အားသာချက်များအား စစ်ဆေးပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

အသင်းအနေဖြင့် ကစားသမားများ ကြံ့ခိုင်မှုပိုင်းတိုးတက်လာစေရန် အထူးကာယထရိန်နင် (Gym Training) အစီအစဉ်များ

စာမျက်နှာ ၄ သို့ ✡